# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 14 May 2021 ၁၀၃၇၇


## မင်းတပ်မြို့နယ်အတွင်း စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄ / ၂၀၂၁**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၅ / ၂၀၂၁**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄/ ၂၀၂၁ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် မေ ၁၃**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ(NSPNC)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကော်မတီဝင်များ၊ ကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)တို့ တက်ရောက်ကြပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


ကြေးမုံ ယနေ့ ဖတ်စရာ

ဆရာတော်ဦးဗုဓ်၏ ဩဝါဒဓမ္မစကားများ စာမျက်နှာ » ၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက် စာမျက်နှာ » ၉

လူ့တန်ဖိုးနှင့် ကိုယ်ကျင့်သိက္ခာ စာမျက်နှာ » ၁၀

ကြေးမုံ

# ကောင်းသောနှလုံးသားဖြင့် လောကအကျိုးဆောင်ကြဦး

ဒေါသ၊ မောဟ အကုသိုလ်စိတ်များ လူတို့၏စိတ်သန္တာန်တွင် ဖြစ်ပေါ်လာသောကြောင့် ဣဿာ၊ မစ္ဆရိယ (မနာလိုခြင်း၊ ဝန်တိုခြင်း)ဟူသည့် တစ်စုံတစ်ရာ၊ တစ်ဦးတစ်ယောက်၊ တစ်ခုခုကို အကောင်းမမြင်နိုင်ခြင်း၊ အသိအမှတ်မပြုနိုင်ခြင်း၊ လက်မခံခြင်း၊ မပြုလုပ်စေလိုခြင်း စသည့်စိတ်ထားများ ထွန်းကားလာပါသည်။ မျက်မှောက်ကာလ၌ လူအများတွင် ထိုကဲ့သို့စိတ်ထားများ ဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုသို့ဖြစ်ပေါ်နေခြင်းသည် တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ခုခုကြောင့်ဟု အတတ်ပြော၍မရပေ။ လူ၏သဘာဝအရ မိမိတို့စိတ်သန္တာန်တွင် ဖြစ်ပေါ်လာတတ်သော အကုသိုလ်စိတ်များကို ဆင်ခြင်နိုင်စွမ်းမရှိတော့ဘဲ ဖြစ်ပေါ်နေသော အကုသိုလ်အမှုများကို ထိန်းချုပ်ခြင်း၊ ဖယ်ရှားခြင်း အလျှင်းမပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ အကုသိုလ်စိတ်များ ဖြစ်လာရသည်မှာလည်း မိမိတို့ ချစ်ခင်နှစ်သက်၊ လိုလားမှုများ ဆုံးရှုံးသွားသည်ဟု ယူဆမိ၍လည်းကောင်း သို့မဟုတ် လူတို့တွင် အကုသိုလ်စိတ်များ ဖြစ်ပေါ်စေသည့်သွေးကို တစ်စုံတစ်ယောက်က ထိုးပေးလိုက်၍လည်းကောင်း သို့တည်းမဟုတ် အကုသိုလ်စိတ်တို့မည်သည် ကူးစက်လောင်ကျွမ်းတတ်သည့် သဘောရှိ၍ မိမိပတ်ဝန်းကျင်တွင် အကုသိုလ်စိတ်များ လွှမ်းမိုးနေ၍လည်းကောင်း ဣဿာ၊ မစ္ဆရိယစိတ်များ လူ့လောကတွင် အလျဉ်မပြတ်ဖြစ်ပေါ်လာကာ ငြိမ်းချမ်းသာယာဝပြောမှု ဆိတ်သုဉ်းသော လူ့ပတ်ဝန်းကျင်ဖြစ်ပေါ်လာသည်။

ယနေ့အချိန်အခါတွင် အများပြည်သူတို့၏ အကျိုးစီးပွားများ ဆိတ်သုဉ်းခြင်း၊ ပျက်စီးခြင်းများဖြစ်ပေါ်နေသည်ကို သိပါလျက်နှင့် မကောင်းသည့် အကုသိုလ်စိတ်များ ဖြစ်ပေါ်နေသော လူတချို့က အချို့နေရာများတွင် နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းနှင့်အတူ မဟုတ်မမှန် လုပ်ကြံသတင်းများဖြင့် တိုင်းပြည်ကြီး အနီရောင်အဆင့်ရောက်နေပြီ၊ ပျက်စီးခြင်းဖြစ်နေပြီ၊ ကျရှုံးခြင်းဖြစ်နေပြီ စသည်ဖြင့် လူအချင်းချင်းအနေဖြင့်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်မှအနေဖြင့်လည်းကောင်း ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ထိုအခါ ဖြစ်ပေါ်ခဲ့သော ပြဿနာအနည်းငယ်တို့ကို အလွန်ကြီးမားသည်ဟု ထင်မြင်ယူဆပြီး အများပြည်သူတို့ ထိတ်လန့်စိုးရွံ့နေကြသည်။

အကယ်၍ သင်သည် စဉ်းစားဆင်ခြင်တတ်ပြီး ဥပဒေနှင့်အညီ နေထိုင်တတ်သူတစ်ဦးဖြစ်ပါက ယနေ့အချိန်အခါတွင်ပင် မြန်မာပြည်တစ်ဝန်းလုံးသို့ လုံခြုံစိတ်ချမှုရှိစွာဖြင့် သွားလာနိုင်ပြီဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံး နေရာဒေသအနှံ့တွင်လည်း တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများမှာ အေးချမ်းစွာ နေထိုင်သွားလာလျက်ရှိသော ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး လိုအပ်၍အကူအညီတောင်းခံလာပါက ချက်ချင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ကိုယ်တိုင်ကွင်းဆင်း သွားရောက်လေ့လာကြည့်လျှင် အထင်အရှား မြင်တွေ့နိုင်မည်ဖြစ်သည်။ ထိုအခါ အစောပိုင်းက မမြင်တွေ့ရဘဲ ကြားသိခဲ့ရသော အဖြစ်အပျက်များမှာ လုပ်ကြံဖန်တီး၊ ချဲ့ကားထားသည်ကို အထင်အရှားမြင်တွေ့ရမည် ဖြစ်သည်။

လတ်တလောတွင် ဘဏ်တွေမဖွင့်နှင့်၊ ခရီးတွေမသွားနှင့်၊ ဈေးတွေမဖွင့်နှင့်၊ ဆိုင်တွေမဖွင့်နှင့်၊ ရုံးတွေမဖွင့်နှင့်၊ ဆေးရုံတွေမဖွင့်နှင့်၊ ကျောင်းတွေမဖွင့်နှင့် စသည်ဖြင့် ဣဿာ၊ မစ္ဆရိယစိတ်များကို လူထုကြားတွင် ပြန့်ပွားအောင်၊ ဖုံးလွှမ်းအောင် လူတစ်စုက ဖန်တီးပြီး လူအများက ယုံကြည်အောင် ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအစွန်းရောက်များ၊ မသမာသူများ၊ အဖျက်သမားများ၊ မသိနားမလည်သူများက လောကတွင် မကောင်းမှုများ ထွန်းကားလာအောင် ပြုလုပ်ပေးမှုများကြောင့် ပြည်သူများပင် ဒုက္ခအခက်အခဲများ ဖြစ်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ဆူပူအကြမ်းဖက်တိုက်ခိုက်၊ လှုံ့ဆော်ဖန်တီးမှုများကြောင့် လူမှုကိစ္စအဝဝတို့သည် ရပ်တန့်တုံ့ဆိုင်းနေခြင်းနှင့်အတူ လူမှုစီးပွားအဆင်မပြေမှုများ လွှမ်းခြုံဖြစ်ပေါ်လာခဲ့ရသည်။ ယင်းသို့ဖြစ်နေသည်ကို သိပါလျက်နှင့် မပြေပျောက်သေးခြင်းမှာ အကုသိုလ်စိတ်များကို အလျှင်းမပယ်ဖျက်နိုင်သေးသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ဥပမာရှုမြင်မည်ဆိုလျှင် ဆေးမကုသနိုင်ရေး လုပ်ဆောင်မှုများကြောင့် ပြည်သူတို့၏ အသက်ခန္ဓာများ မထိခိုက်သင့်ဘဲ ထိခိုက်ကြရသည်မှာ တရားတော်အရကြည့်မည်ဆိုလျှင် မည်မျှအကုသိုလ်အပြစ်ကြီးကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။ ကျောင်းနေအရွယ် ပညာသင်ကြားရမည့် လူငယ်အရွယ်များ ပညာမသင်ကြားနိုင်အောင် တားဆီးမှုများမှာ လူငယ်လူရွယ်များအတွက်ဉာဏ်ပညာမြင့်မားတိုးတက်ရေးနှင့် တိုင်းပြည်၏အနာဂတ်အကျိုးစီးပွားအတွက် အလွန်ကြီးမားစွာထိခိုက်နိုင်သည်ကို ဆင်ခြင်ကြည့်ရန်လိုအပ်သည်။ ထိုသို့ ဣဿာ၊ မစ္ဆရိယ ပိတ်ပင်တားဆီးမှုများ ပြုလုပ်သည့် အကုသိုလ်အကျိုးတရားကို မည်မျှခံကြရမည်ကို တွေးကြည့်လျှင်ပင် အလွန်ကြောက်မက်ဖွယ်ကောင်းလှပါသည်။

သို့ဖြစ်ရာ ဣဿာ၊ မစ္ဆရိယစသည့် မကောင်းသောစိတ်ထားများကို လောဘ၊ ဒေါသ၊ မောဟတရားအားကြီးသောပုဂ္ဂိုလ်များ၏ တမင်ဖန်တီးမှုများကြောင့် အများပြည်သူတို့၏စိတ်များတွင်လည်း ကူးစက်လောင်ကျွမ်းခဲ့ရာ ကောင်းသောစိတ်ထားနှလုံးသားများကို သတိကပ်မွေးမြူ၍ လောကအကျိုးစီးပွားများကို ဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG"အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင် အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၃ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၆၂၀ | ၅,၅၈၀,၅၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၂,၀၀၇ | ၇,၀၃၃,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၄၁ | ၂,၆၅၉,၈၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၁၅၀ | ၄၅၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၁.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၇.၁၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၈၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၂.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၅၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၉.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၄၂.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၄.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၅၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်
**အကြီးတန်း** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
**သတင်းထောက်များ** ဒေါ်နေဇာဇာထွန်း
**အငယ်တန်း** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
**သတင်းထောက်များ** ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မျိုးကောင်းမျိုးသန့်၊ မြေသြဇာနှင့် နည်းပညာများ ထောက်ပံ့ပေး

**စားသုံးဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆီထွက်သီးနှံများကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးရမည့်အပြင် မျိုးကောင်းမျိုးသန့်၊ မြေသြဇာနှင့် နည်းပညာများ ထောက်ပံ့ပေးရန်လိုကြောင်း၊ အထွက်နှုန်းတိုး၍ နည်းပညာမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

**❖ အမျိုးသားစည်းလုံးညီညွတ်ရေးမှ**

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

ထိုသို့ တင်ပြချက်များအပေါ် ညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**ကယား မေ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



**ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်ကို ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် စိတ်ဝင်စားမှုရှိပါကြောင်း၊ အလားအလာကောင်းများလည်းရှိသဖြင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျောညီထွေ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရေး အခြေအနေကောင်းများရှိခြင်းကြောင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ လတ်တလောကာလတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် လူထုအနေဖြင့် ဘဏ်များအပေါ် ယုံကြည်မှုကျဆင်းကာ ငွေထုတ်ယူမှုများပြားနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ်များနှင့်ပတ်သက်သည့် အစီအမံများ ချမှတ်ထားပြီးဖြစ်သဖြင့် လူထုအနေဖြင့် စိတ်ပူပန်ခြင်းမရှိကြစေရေး ပြည်နယ်လူထုသို့လည်း အသိပေးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**သွားရောက်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်မြို့တွင်ရှိနေစဉ် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချို့နှင့်လည်း သီးခြားစီတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ မေ ၁၃**

လွတ်လပ်ပြီးတရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား(ပြု) လက်မှတ် ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံသားတိုင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရမည်ဟူသော ရည်မှန်းချက်ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်တွေမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်း တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာအုပ်စုမှ အမျိုးသား ၄၀၊ အမျိုးသမီး ၅၃ ဦး၊ သင်ပုန်းတန်းကျေးရွာအုပ်စုမှ အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၁၃၄ ဦး၊ ခတင်ပိုက်ကျေးရွာအုပ်စုမှ အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၆၆ ဦးနှင့် စစ်တွေမြို့ ကသဲရပ်ကွက်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၇ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ကာ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စစ်တွေမြို့နယ် ကျက်တောပြင်ကျေးရွာအုပ်စုမှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၅၅ ဦး၊ အောင်တိုင်ကျေးရွာအုပ်စုမှ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၉၀၊ ဝါဘို ကျေးရွာအုပ်စုမှ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၅၁ ဦးနှင့် ပါဒလိတ်ကျေးရွာအုပ်စုမှ အမျိုးသား ၁၀၃ ဦးနှင့် အမျိုးသမီး ၁၀၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်တွေမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ယနေ့ထိ လူဦးရေ ၁၀၈၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထားပြီးဖြစ်ရာ ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုများကိုလည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

○ ရှေ့ဖုံးမှ

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေး ဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

(ခခ) နှစ်အကန့်အသတ်မရှိအလုပ်နှင့်ထောင်ဒဏ်၊

(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး ဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

## စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။

၂၁။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရပြစ်မှုများ၊

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ ပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ "ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ"ကို ယနေ့ နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ယဉ်ကျေးမှုရတနာခန်းမ နေပြည်တော်၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။



**တက်ရောက်**

စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း) ဦးခင်အောင်မြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စား၍ တက်ရောက်သည့် ပုဂ္ဂိုလ်များနှင့် ဌာနမှအရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

သုတေသနစာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုစာတမ်းဖတ်ပွဲသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနအရည်အသွေး တိုးတက်ရေးကို ဦးတည်ပြီး စာတမ်းရှင်များက မိမိတို့ကိုယ်တိုင် ပါဝင်သုတေသနပြု ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများမှရရှိခဲ့သည့် သုတေသနအကျိုးရလဒ်များကို ရေးသားပြုစုထားသည့် စာတမ်း ၁၃ စောင်ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လူသားမျိုးနွယ်အစဖြစ်ထွန်းတည်ရှိခဲ့မှုကို အခိုင်အမာဖော်ပြနိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပရိုင်းမိတ်များတွေ့ရှိရာ နေရာများစွာ တွေ့မြင်နိုင်သလို ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ပေါများလှသည့် နိုင်ငံဖြစ်ကြောင်း။

ခေတ်အဆက်ဆက်သမိုင်းကြောင်းကို ကြည့်မည်ဆိုလျှင် မိမိတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များက ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်းအစရှိသည့် သာသနိကအဆောက်အအုံများ၊ နန်းတော်ဟောင်းများ၊ မြို့တော်ဟောင်းများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ထိတွေ့ကိုင်တွယ်တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ဆောက်ပြုလုပ်သုံးစွဲခဲ့ကြသည်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် ယနေ့အထိ တွေ့မြင်နိုင်ပါကြောင်း၊ အလားတူ တိုင်းရင်းသားလူမျိုးများ၏ဓလေ့ထုံးတမ်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာလည်း နိုင်ငံတစ်ဝန်း၌ တည်ရှိနေကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းအဆောက်အအုံများနှင့်တကွ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထာဝရတည်တံ့စေရန်နှင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ အမျိုးသားအဆင့်မှသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်များအဖြစ် ပြဋ္ဌာန်းသတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကာကွယ်ထိန်းသိမ်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်ထိန်းသိမ်းခဲ့ရာ ၄၈ ဇုန်သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေရေးဆွဲခြင်းများ ပြဋ္ဌာန်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းနိုင်ရန် ရေးဆွဲနေဆဲဖြစ်ပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲတွင် ဖတ်မည့်စာတမ်းများသည် ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြောက်ဦး၊ အမရပူရခေတ်ဆိုင်ရာကာလများ၏ ရှေးဟောင်းအဆောက်အအုံများ၊ နံရံပန်းချီများ၊ ကျောက်ဆစ်ရုပ်ကြွများ၊ အုတ်ခဲများ၊ ကျောက်စာများ၊ သစ်သားဘုန်းတော်ကြီးကျောင်းများအား သုတေသနပြုမှု၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျ ထိန်းသိမ်းမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနလေ့လာတွေ့ရှိချက်စာတမ်းများဖြစ်ကြောင်း၊ ဖတ်ကြားမည့်စာတမ်းရှင်များသည် သုတေသနဆိုင်ရာ၊ ရှေးဟောင်းအဆောက်အအုံနှင့် အနုလက်ရာထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ပြီး ဒေသအသီးသီး၌ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများမှရရှိလာသည့် သုတေသနပြုချက်များကိုအခြေခံပြီး သမိုင်းမတင်မီ ခေတ်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ ခေတ်အဆက်ဆက် ယဉ်ကျေးမှုသွင်ပြင်များကို ဖော်ထုတ်သုတေသနပြုပြီးသော အထောက်အထားများကို အခြေခံဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စာတမ်းဖတ်ပွဲကျင်းပခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် ပါဝင်သော "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ကို အလေးပေးဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်ရှိ ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများကို ထိန်းသိမ်းရေးလုပ်ငန်းများ၌ စေတနာပါပါဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ပြီး ပြည်သူများ ပူးပေါင်းပါဝင်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာနိုင်စေကြောင်း။

**ပုံနှိပ်ထုတ်ဝေသွားမည်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ သုတေသနစာတမ်းဖတ်ပွဲများကို လစဉ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖတ်ကြားသည့် စာတမ်းများကို အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံနှင့် အနုလက်ရာထိန်းသိမ်းရေးဆိုင်ရာနှင့် သုတေသနပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အခါ အရှိန်အဟုန်မြင့်မားစွာ ဆောင်ရွက်နိုင်ရန် အတွေ့အကြုံနုနယ်သေးသည့် မျိုးဆက်သစ်လူငယ်များကို အတွေ့အကြုံအသိပညာများ ဖြန့်ဝေပေးနိုင်ရန်ရည်ရွယ်၍ ယခုစာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နောင်တစ်ချိန်၌ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အရာထမ်း/အမှုထမ်းများအနေဖြင့် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူလိုမှု စိတ်အပြည့်အဝဖြင့် သုတေသနလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းများ သာမက ပြတိုက်နှင့်သက်ဆိုင်သည့် သုတေသနစာတမ်းဖတ်ပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးရန်လိုအပ်ကြောင်း၊ ဖတ်ကြားသော စာတမ်းများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရာတွင် စာတမ်းရှင်များ၏ အတ္ထုပ္ပတ္တိများ၊ မေးမြန်းသူနှင့်မေးမြန်းချက်၊ ဖြေကြားချက်များဖြင့်တကွ ပြည့်စုံစွာထည့်သွင်းဖော်ပြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာတမ်းဖတ်ပွဲစီစဉ်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အစီအစဉ်အရ စာတမ်းရှင် ဒေါက်တာအေးအေးသင်း (ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ နေပြည်တော်) က A Study on the Bricks of Wadee Ancient Pyu City စာတမ်း၊ ဦးထွန်းထွန်းအေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဟန်လင်းဌာနစု) က "ဟန်လင်းတူးဖော်မှုကုန်းအမှတ် (၃၉)မှ တွေ့ရှိရသော သဲကျောက်ရုပ်ကြွအား ထိန်းသိမ်းခြင်းစာတမ်း"တို့ကို ဖတ်ကြားတင်သွင်းပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ဖြေကြားသည်။

**ပထမနေ့**

ညနေပိုင်းတွင် စာတမ်းရှင် ဦးဘုန်းကျော် (ညွှန်ကြားရေးမှူး၊ တောင်ကြီးဌာနခွဲ)က "မြောက်ဦးခေတ် သဲကျောက်အဆောက်အအုံဆိုင်ရာ ဗိသုကာ၊ အနုပညာနှင့် ထိန်းသိမ်းရေး စာတမ်း"၊ စာတမ်းရှင် ဦးကြည်လင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပုဂံဌာနခွဲ)က "ပုဂံခေတ်ရှေးဟောင်းအဆောက်အအုံများတွင် တန်ဆာဆင်ထားသော နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းတော့ အနုလက်ရာများ ထိန်းသိမ်းမှုဆိုင်ရာ သုတေသနစာတမ်း"၊ စာတမ်းရှင်ဒေါ်တင်တင်ဝင်း(ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က "ကြေးခေတ်၊ သံခေတ်တူးဖော်မှုမှတွေ့ရှိရသော အထောက်အထားများအား ပြန်လည်လေ့လာသုတေသနပြု ထိန်းသိမ်းခြင်းစာတမ်း"နှင့် စာတမ်းရှင်ဒေါ်စုလှိုင်ဌေး(ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က "ကုသိုလ်တော်ဘုရားရှိ စကျင်ကျောက်စာချပ်များအား ထိန်းသိမ်းခြင်းစာတမ်း"တို့ကို ဖတ်ကြားပြီးနောက် ပထမနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သုတေသနစာတမ်းဖတ်ပွဲကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မေ ၁၃ ရက်တွင် စာတမ်း ခြောက်စောင်နှင့် မေ ၁၄ ရက်တွင် စာတမ်း ခုနစ်စောင် စုစုပေါင်းစာတမ်း ၁၃ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆရာတော်ဦးဖုမ်၏ ဩဝါဒဓမ္မစကားများ

ဆရာတော်ဦးဖုမ်ဟုဆိုလိုက်တာနဲ့ "ဖုမ်အစ ဖုမ်အလယ် ဖုမ်အဆုံး" ဆိုတဲ့ သာသနာတော်မှာ သုံးနှုန်းပြောဆိုနေတဲ့စကားကို ကြားရပေလိမ့်မယ်။ တစ်ဆက်တည်း ညောင်ကန်နဲ့ နန်းမတော်မယ်နုတို့ကိုလည်း ထင်းခနဲ မြင်ကြပေလိမ့်မယ်။

ဖုမ်အစကား - မြတ်ဗုဒ္ဓ
ဖုမ်အလယ်ကား - အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသ
ဖုမ်အဆုံးကား - ညောင်ကန်ဆရာတော် ဦးဖုမ်ဖြစ်၏။

ဖုမ်သုံးဖုမ်ဟု အများသိကြသော်လည်း ဦးဆန်းထွန်း(မန်းတက္ကသိုလ်)ကတော့ ဖုမ်လေးဖုမ် ထုတ်ဖော်ပြထားပါတယ်။

ပထမဖုမ်က မြတ်ဗုဒ္ဓ၊ ၁၄ ရာစုကပေါ်တဲ့ ဝသုဗန္ဓုမည်တဲ့ ပညာရှင်ကို ဒုတိယဖုမ်၊ အရှင်မဟာဗုဒ္ဓဃောသကို တတိယဖုမ်၊ စတုတ္ထဖုမ်ကတော့ ညောင်ကန်ဆရာတော် ဦးဖုမ်ဆိုပြီး ရှာဖွေတင်ပြထားပါတယ်။ တောက်ချင်တဲ့မီးခဲ ပြာပုံထဲရဲရဲဆိုတာလို "ဆရာတော်ဦးဖုမ်" ဟာ ငယ်စဉ်ကပင် ထက်မြက်တောက်ပြောင်ပြီး သံယောဇဉ်အတွယ်အတာ အနှောင်အဖွဲ့တွေကို မထားသူလို့ ဆိုရပေမယ်။

**အတွယ်အတာအမျှင်တန်းကို ဖြတ်ခဲ့**

သာမဏေငယ်ဘဝ သူ့ဖခင်ဒကာအို(နာမည်) ကျောင်းအလာ ကျောင်းကခွေးတွေ ဝိုင်းကိုက်နေတာကိုမကြည့်ဘဲ သူကြည့်လက်စစာကိုပဲ အာရုံစိုက်ကြည့်နေသတဲ့။ ဒီတော့ ဖခင်ဒကာအိုက စိတ်နာပြီး "မောင်ဖုမ် မင်းကပဲ သံယောဇဉ်ပြတ်နိုင်သလား။ ငါကပဲ သံယောဇဉ်ပြတ်သလားဆိုတာ သိကြတာပေါ့"လို့ အံတင်းပြီး ပြောဆိုလိုက်ပါတယ်။ ခွေးကိုက်ဒဏ်ရာကို ကျောင်းက ကိုရင်ကျောင်းသားတွေက ပြုစုပေးရပါတော့တယ်။ သားအဖနှစ်ဦးရဲ့ သံယောဇဉ်အနှောင်အဖွဲ့ ဖြတ်တောက်ကြပုံဟာ သမိုင်းစာမျက်နှာ မှတ်တိုင်ထူလောက်ပါတယ်။ နောင်အခါ ဆရာတော်ဦးဖုမ်လို့ ထင်ရှားကျော်ကြားတဲ့အထိ သားအဖနှစ်ဦး မတွေ့ကြတော့ဘူးလို့ဆိုပါတယ်။ ငယ်ရွယ်စဉ်ဘဝကပင် အတွယ်အတာအမျှင်တန်းကို ဖြတ်ခဲ့တာဖြစ်ပါတယ်။

ဆရာတော်ဦးဖုမ်ရဲ့စိတ်ဓာတ်က သာသနာတော်မှတစ်ပါး အခြားဘယ်သူ့ကိုမှ ငဲ့ကွက်ညှာတာမှုမရှိပေ။ လောကီရေးရာအဖြာဖြာ အာရုံထားမှုမရှိ။ ကျေးဇူးကြီးလှပေတဲ့ မယ်တော်ကိုတောင် ဖော်ဖော်ရွေရွေ မဆက်ဆံဘဲ နေတော်မူပါတယ်။

တစ်နေ့ ဆရာတော်ဦးဖုမ် သီတင်းသုံးနေထိုင်တော်မူရာ နေပြည်တော်ကို မယ်တော်ကြီးဒေါ်မွေး ရောက်လာပြီး ဆရာတော်ဦးဖုမ်ကို ရှိခိုးဦးချကန်တော့နေတာကို နှုတ်မဆက်ဘဲ ကြည့်လက်စစာကိုပဲ ကြည့်ရှုနေတော်မူပါတယ်။ မယ်တော်က သားရဟန်းတော် နှုတ်မဆက် လောကပျူငှာမလုပ်လေတော့ ဝမ်းနည်းစွာ ချုံးပွဲချငိုပါတော့တယ်။

ဆရာတော်ဦးဖုမ်က စာကြည့်ရာက-

"ဒကာမကြီး ဒီမှာလာပြီး ဘာလို့ငိုနေရတာလဲ" လို့ မေးတော်မူတယ်။

မယ်တော်က "တပည့်တော် သားတော်ကို ဖူးချင်တွေ့ချင်လို့ အဆင်းရဲအပင်ပန်းခံကာ နေပြည်တော်ထိလိုက်လာပြီး သားတော်ကို ရှိခိုးကန်တော့ပေမယ့် နှုတ်မဆက်လို့ ဝမ်းနည်းစိတ်အားငယ်ပြီး မျက်ရည်ကျ ငိုရတာဖြစ်ပါတယ်ဘုရား"လို့ လျှောက်ထားတဲ့အခါ-

ဆရာတော်ဦးဖုမ်က "ဒကာမကြီး ဒီလိုငိုရတဲ့ဘဝတွေ မရေတွက်နိုင်တော့ဘူး"လို့ မိန့်ဆိုတော်မူလိုက်ပါတယ်။

နန်းမတော်မယ်နုက ဆရာတော်ဦးဖုမ်ရဲ့ မယ်တော်ကို အထည်အလိပ်၊ အသုံးအဆောင်၊ စားစရာနဲ့တကွ ငွေငါးပိဿာ ပေးကမ်းချီးမြှောက်တော်မူပါတယ်။ အဲဒီလက်ဆောင်ပစ္စည်းတွေယူပြီး မယ်တော်ကြီးက "တပည့်တော်မ ရွာပြန်ပါတော့မယ်ဘုရား"လို့ လျှောက်ထားတဲ့အခါ-

ဆရာတော်ဦးဖုမ်က "ဒကာမကြီး ဒီပစ္စည်းတွေစားပြီး အချည်းနှီးမဖြစ်စေဘဲ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်နေပေတော့၊ ကိုင်း ပြန်တော့ဗျာ။ ကျုပ်စာကြည့်ပျက်တယ်"လို့ တိုတိုပြတ်ပြတ် တရားနဲ့ဆက်စပ်တဲ့စကား မိန့်ကြားတော်မူလိုက်ပါတော့တယ်။

မယ်တော်ကြီး နေပြည်တော်ကို နောက်တစ်ခေါက် ရောက်လာတဲ့အခါမှာတော့ ကျောင်းအမ နန်းမတော်မယ်နုက နန်းတော်ရပ်ကွက်မှာ အိမ်ဆောက်ပေးပြီး လစာရိက္ခာတွေနဲ့ ချီးမြှောက်ထောက်ပံ့ထားပါတော့တယ်။

**ဘောဂဗျူသန ပစ္စည်းဥစ္စာပျက်စီးတဲ့ကပ်ကြုံ**

မယ်တော်ကြီး အဲဒီလိုချမ်းသာကြွယ်ဝစွာနေထိုင်ရင်း နန်းတော်ရပ်ကွက် မီးဘေးသင့်တော့ မယ်တော်ကြီးအိမ်ကိုပါ လောင်မြိုက်ပြီး အသုံးအဆောင်ပစ္စည်း ဘာတစ်ခုမှမရလိုက်ဘဲ ခါးဝတ်တစ်စုံနဲ့ ပခုံးတင်တဘက်တစ်ထည်သာ ကျန်ပါတော့တယ်။ ဘောဂဗျူသန ပစ္စည်းဥစ္စာပျက်စီးတဲ့ကပ် ကြုံနေရှာတဲ့ မယ်တော်ကြီးဟာ သားဘုန်းကြီး ဆရာတော်ဦးဖုမ်ရှိရာ အုတ်ကျောင်းတော်ကို စိတ်ကူးတည့်ရာသွားပြီး ကျောင်းပေါ်ရောက်တဲ့အခါ-

"သားတော်ဦးပဥ္စင်းရေ မယ်တော်ကြီးအိမ် မီးလောင်တဲ့အထဲပါသွားတယ်။ အသုံးအဆောင် ဘာတစ်ခုမှ မရလိုက်ဘူးဘုရား"လို့ မျက်ရည်ဝဲပြီး လျှောက်ထားလိုက်ပါတယ်။ မယ်တော်ကြီးလျှောက်ထားသံကြားရတဲ့ ဆရာတော်ဦးဖုမ်က"ဒကာမကြီး တစ်သံသရာလုံး လောင်မြိုက်လာတဲ့မီး၊ သားဘုန်းကြီး ဘယ်လိုလုပ်တားဆီးနိုင်မှာလဲ။ ကုသိုလ်ကံကောင်းမှုကသာ အေးငြိမ်းအောင် တားဆီးနိုင်မှာဖြစ်ပါတယ်"လို့ ဓမ္မသံဝေဂဖြစ်ဖွယ် မိန့်ခြွေတော်မူလိုက်ပါတယ်။ ဆက်လက်ပြီး ဆရာတော်ဦးဖုမ်က "ဒကာမကြီး မီးလောင်လို့ဆင်းရဲသလား"။

မယ်တော်ကြီးက "မှန်ပါ့ဘုရား။ ဒီလိုဆင်းရဲမျိုး၊ ဒီလိုအပူမျိုး မတွေ့ကြုံဖူးပါဘုရား"လို့ လျှောက်ထားတဲ့အခါ ဆရာတော်က "ကဲကဲ ဒကာမကြီး ချမ်းသာချင်ရင် မယ်တော်ကြီးတဘက်လေး သားရဟန်းကိုလှူခဲ့"လို့ သံသရာချမ်းသာရေး တရားရေအေးတိုက်ကျွေး လမ်းညွှန်လိုက်ပါသတဲ့။

နန်းမတော်မယ်နု ချီးမြှောက်ဆောက်လုပ်ပေးထားတဲ့ အိမ်သစ်မှာနေထိုင်ရင်း မယ်တော်ကြီး ဒေါ်မွေး အနိစ္စရောက် ကွယ်လွန်သွားပါတော့တယ်။ ဆရာတော်ဦးဖုမ်ထံ မယ်တော်ကြီးကွယ်လွန်ကြောင်း လျှောက်ထားတဲ့အခါ "သေမှတော့ သင်္ဂြိုဟ်လိုက်ပေါ့"လို့ မိန့်ကြားလိုက်ပါတယ်။ ဆရာတော်ဦးဖုမ် သီတင်းသုံးရာ အုတ်ကျောင်းတော်အနီးလမ်းမှ မယ်တော်ကြီးရဲ့ ရုပ်ကလာပ်ကိုထမ်းပြီး စည်ကားသိုက်မြိုက်စွာ သွားကြတဲ့အခါမှာ ကြည့်လက်စပေစာကို လက်ကမချဘဲ တံခါးပေါက်က ရပ်ကြည့်ပြီး သံယောဇဉ်အတွယ်အတာမပါ ဓမ္မတရားနဲ့ယှဉ်တဲ့စကားကို မိန့်ဆိုလိုက်ပုံက "ဒကာမကြီးတို့က ကျုပ်တို့ထက် အရင်ကျသကိုး။ သွားပေဦးတော့၊ သွားနှင့်ပေဦးတော့"လို့ မိန့်တော်မူလိုက်ပါတယ်။

ဆရာတော်ဦးဖုမ်ရဲ့ တူတော်မောင် ငနီက လျှောက်သတဲ့။ "အရဟံစတဲ့ ဂုဏ်တော်အဖွင့်ကို အနက်အဓိပ္ပာယ် လိုရင်းတိုရှင်းကျက်မှတ်လို့ လွယ်ကူအောင် ရေးသားချီးမြှင့်ပေးတော်မူပါဘုရား"လို့လျှောက်တယ်။

ဆရာတော်ဦးဖုမ်က "ဟဲ့ ငနီ နင်တိုတိုလိုချင်သလား"။

"မှန်ပါ တိုတိုလိုချင်ပါတယ်ဘုရား"လို့ လျှောက်ထားတဲ့အခါ ဆရာတော်ဦးဖုမ်က"အေးအေး တိုတိုလိုချင် တိုတိုကြိုက်ရင်တော့ မကျက်ဘဲသာ နေပေတော့ဗျာ"လို့ ပြတ်သားစွာ မိန့်ကြားလိုက်ပါတယ်။

တစ်နေ့သောအခါ ရေကန်အနီးပတ်ဝန်းကျင် တံမြက်စည်းလှည်းနေတဲ့ ဆရာတော်ဦးဖုမ်ဆီ ဦးပေါ်ဦး ရောက်လာပြီး-

"အရှင်ဘုရား ဒီရေကန်ကြီး ဘယ်လောက်နက်ပါသလဲဘုရား"

ဆရာတော်ဦးဖုမ်က"မသိဘူးဒကာတော်"

ဦးပေါ်ဦးက "အရှင်ဘုရားက ရေကန်အနီး သီတင်းသုံးနေထိုင်တာဖြစ်လို့ သိမှာပဲဆိုပြီး မေးလျှောက်မိတာပါဘုရား"

ဆရာတော်ဦးဖုမ်က "ဟဲ့ နီးတိုင်းသာသိမယ်ဆိုရင် နင့်နှုတ်ခမ်းမွေး ဘယ်နှပင်ရှိသလဲ" လို့ မေးတော်မူလိုက်ရာ ဦးပေါ်ဦးက "မသိပါဘုရား"လို့ ဖြေလျှောက်ပြီး ဘာမှစောဒကမတက်ဘဲ ဦးချပြီး ပြန်သွားရပါတော့တယ်။

ဆရာတော်ဦးဖုမ်နဲ့ ကျောင်းဒါယိကာမ မယ်နုတို့ဟာ အင်းဝခေတ်ကနေ ဒီနေ့ခေတ်ထိ မသိသူမရှိသလောက် ၁၀၀ ရာခိုင်နှုန်းသိကြပါပေတယ်။ ဆရာတော်ဦးဖုမ်က အကျင့်စရဏနဲ့ စာပေကြောင့်၊ ကျောင်းဒါယိကာမ မယ်နုကတော့ မိဖုရားအာဏာပါဝါ ဂုဏ်သိန်အရှိန်အဝါတွေ အလွဲသုံးစားလုပ်ပြီး ထင်ရာစိုင်းတာကြောင့်ဖြစ်တယ်။ ဆရာတော်ဦးဖုမ်ဟာ ကျောင်းဒါယိကာမ မိဖုရားဆိုပြီး အလိုမလိုက် အကြိုက်မဆောင်ပေ။

ဘုရား၊ ကျောင်း၊ တန်ဆောင်း သာသနိကအဆောက်အအုံပေါင်းများစွာ ဆောက်လုပ်လှူဒါန်းပြီး ရေစက်ချအခမ်းအနားမှာ နန်းမတော်မယ်နုက "ကောင်းမှုရဲ့အကျိုးတရားတွေ ချီးမြှင့်ဟောကြားတော်မူပါဘုရား"လို့ လျှောက်ထားတဲ့အခါ-

ဆရာတော်ဦးဖုမ်က "ဟဲ့ မယ်နု ဟိုရေအိုးစင်က ကြေးဖလားကြီးနဲ့ ရေအပြည့်ခပ်ခဲ့လို့ မိန့်ကြားတော်မူပါတယ်"။

မယ်နုလည်း ဆရာတော်ခိုင်းတဲ့အတိုင်း ရေခပ်ပြီး ယူလာခဲ့ပါတယ်။ အနားရောက်တော့ ဆရာတော်က"ဟဲ့ ခပ်လာတဲ့ရေတွေ သွန်ပစ်လိုက်"။

> ✪ ဆရာတော်ဦးဖုမ်ရဲ့စိတ်ဓာတ်က သာသနာတော်မှတစ်ပါး အခြားဘယ်သူ့ကိုမှ ငဲ့ကွက်ညှာတာမှုမရှိပေ။ လောကီရေးရာအဖြာဖြာ အာရုံထားမှုမရှိ။ ကျေးဇူးကြီးလှပေတဲ့ မယ်တော်ကိုတောင် ဖော်ဖော်ရွေရွေ မဆက်ဆံဘဲနေတော်မူ။
>
> ✪ ဆရာတော်ဦးဖုမ်သည် ကျမ်းပေါင်း ၅၀ ကျော် ရေးသားပြုစုပြီး သာသနာတော်အတွက် မနေမနား ဆောင်ရွက်ကျင့်သုံးနေထိုင်ပုံတွေဟာ ကြည်ညိုစရာဖြစ်။

## အရှင်ဣန္ဒက(ဓမ္မလမင်း)

မယ်နုက "သွန်ပြီးပါပြီဘုရား"။ ဆရာတော်က "နင့်ကုသိုလ်က ကြေးဖလားကပ်နေတဲ့ ရေလောက်ပဲရတယ်"လို့ ကုသိုလ်နဲ့အကုသိုလ်နှိုင်းယှဉ်ပါက အကုသိုလ်က ပိုများနေပုံကို ညွှန်းဆိုမိန့်ကြားလိုက်ပါတယ်။

**ဖြောင့်မှန်တိကျတဲ့ဩဝါဒကို ပေးတော်မူ**

ဆုံးမဩဝါဒပေးတော်မူဖို့ ဖန်နန်းရှင်မင်းတရားကြီးက လျှောက်ထားတဲ့အခါမှာလည်း ဆရာတော်ဦးဖုမ်က"မင်းကျင့်တရားနဲ့ညီအောင်ကျင့်က ငါတို့ဆုံးမဩဝါဒပေးဖို့မလိုပါဘူး။ မင်းကျင့်တရားနဲ့ညီအောင် မကျင့်ရင် ငါနဲ့မဆိုင် အဝီစိနဲ့သာဆိုင်တယ်" လို့ မျက်နှာမထောက် ဖြောင့်မှန်တိကျတဲ့ဩဝါဒကို ပေးတော်မူလိုက်ပါတော့တယ်။

နန်းမတော်မယ်နုက "မင်းပြစ်မင်းဒဏ်သင့်လို့ သေရပါတော့မယ်ဘုရား။ နောက်ဆုံးဖူးမြော်ကန်တော့ခြင်းဖြစ်ပါတယ်ဘုရား"လို့ လျှောက်ထားတဲ့အခါ ဆရာတော်ဦးဖုမ်က "ဟဲ့ မယ်နု သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်" လို့ ဓမ္မသဘောနဲ့သက်ဆိုင်တဲ့ ဩဝါဒကို မိန့်တော်မူလိုက်ပါတယ်။

**"ဝိပါက်ဟူသည်၊ ကြာမရှည်ခင်**
**ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်**
**နောက်ပိုးလိုက်တတ်၊ သူ့ကိုဖျက်က**
**ကိုယ်ပျက်တတ်စွာ"**

**မဃဒေဝ**

ဆရာတော်ဦးဖုမ်ရဲ့ စာပေပရိယတ္တိဂုဏ်နဲ့ အကျင့်စရဏဩဝါဒတွေကို လေးစားမြတ်နိုးတော်မူကြတဲ့ ဆရာတော်တွေက မှတ်တမ်းတင်ထားပုံဟာလည်း လိုက်လျောညီလှပေတယ်။

**"ညောင်ကန်ဆရာတော် ဦးဖုမ်ခေါ်**
**ထုတ်ဖော်မိန့်ခဲ့ရာ။**
**လူ နတ် ဗြဟ္မာ ကဲ့ရဲ့မှာ၊ ဆိတ်စာမကြောက်ရာ။**
**ဘုရားကဲ့ရဲ့၊ ကြောက်သကွဲ့**
**ရောက်မဲ့နိဗ္ဗူတာ"**

**ရှေးဆရာတော်**

**ရုပ်နာမ်နှစ်ရပ်၊ ပေါင်းစပ်ပြီးခါ**
**ခန္ဓာငါးဝ၊ ပြည့်ထစုံစွာ**
**ဇာတိအစ၊ ဗျာဓိမရဏာ**
**ဘေးအလုံး၊ ပြေးပုန်းမလွတ်ပါ။**
**ဆရာတော်ဦးဖုမ်**
**ဦးဖုမ် ဦးဖုမ်နှင့်၊ ဒူးတုပ်လောက်ပုဂ္ဂိုလ်**
**ဘဂဝါမတိ၊ ပါဠိအဋ္ဌကထာနှင့်**
**ထိုထိုဋီကာနှံ့စပ်၊ ကျမ်းတတ်ရွှေကိုယ်**
**တို့သူငါ မှီခို၊ ကြည်ညိုဖို့အရှင်**
**ဘုရားရှိလျှင်လ၊ အများတပည့်တွင်**
**တေဒဂ်လက်ရှိရသင့်**

**ကဗျာနန်**

ဆရာတော်ဦးဖုမ်သည် ကျမ်းပေါင်း ၅၀ ကျော် ရေးသားပြုစုပြီး သာသနာတော်အတွက် မနေမနား ဆောင်ရွက်ကျင့်သုံးနေထိုင်ပုံတွေဟာ ကြည်ညိုစရာဖြစ်ပါတယ်။ ဆရာတော်ဦးဖုမ်ရဲ့ ထုတ်နုတ်မကုန် ရွှေနှုတ်တော်ထွက် ဩဝါဒဓမ္မစကားတွေ ရှာဖွေတင်ပြလိုက်ရပါတယ်။ ။

(၆-၅-၂၀၂၁ နေ့ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် အရှင်ဣန္ဒက (ဓမ္မလမင်း) ၏ "ဆရာတော်ဦးဖုမ်၏ ဩဝါဒဓမ္မစကားများ" ဆောင်းပါးကို ရတနာပုံသတင်းစာ အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းဖွင့်လှစ်



**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကဏ္ဍအမျိုးအစားလေးမျိုး**

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးတွင် ကဏ္ဍအမျိုးအစား လေးမျိုးခွဲ၍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းကို ဖွင့်လှစ် ဆောင်ရွက်ပေးနေပါကြောင်း၊ ဘဏ္ဍာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို စနစ်တကျသိရှိနားလည် သုံးစွဲနိုင်ရန်နှင့် ကောလိပ်၊ ကျောင်း၊ သိပ္ပံများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညွှန်ကြားချက်များအတိုင်း အကျိုးရှိရှိထိထိရောက်ရောက်ဖြစ်အောင် စနစ်တကျ သုံးစွဲနိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေး အတွေ့အကြုံ ဗဟုသုတများရှိသည့် ဆရာကြီးဆရာမကြီးများကိုယ်တိုင် ပို့ချသင်ကြားပေးမည် ဖြစ်ပါကြောင်း၊ သင်တန်းကာလ တိုတောင်းသော်လည်း သေသေချာချာ လေ့လာမှတ်သားပါက အလွန်အကျိုးရှိမည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍများမှ ဆရာဆရာမများသည် ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတအားနည်းမှုကြောင့် မလိုအပ်ဘဲ အရေးယူခံရသည်များ မဖြစ်စေရန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြဿနာဖြစ်လာပါက ဖြေရှင်းဆောင်ရွက်ကြရပါကြောင်း။

**သတင်းပို့ရန်လိုအပ်**

မိမိတို့ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲဝေရရှိလာသည့် ဘဏ္ဍာငွေများကို ကျောင်းအုပ်ကြီးများနှင့် တိုင်ပင်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း သုံးစွဲရန်လိုပါကြောင်း၊ သုံးစွဲပြီးပါကလည်း ဆောင်ရွက်ပြီးစီးမှုကို ကျောင်းအုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာနစသည်ဖြင့် သတင်းပို့ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ပြီး မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတာဝန်ကျေပွန်ခြင်းသည် မိမိဌာနအတွက် မိမိနိုင်ငံတော် တိုးတက်ရေးအတွက်သာ ဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချသည့် ဘဏ္ဍာရေးဆိုင်ရာများကိုနားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူ၍ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အဓိကလိုက်ပါဆောင်ရွက်ပေးရသည်မှာ ဘဏ္ဍာရေးကဏ္ဍဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍ၏ စနစ်တကျ ထောက်ပံ့ပေးနိုင်မှုပေါ်မူတည်၍ လုပ်ငန်းများ အဆင့်ဆင့် အောင်မြင်အောင် ဆောင်ရွက်ကြရပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် တစ်ဦးတစ်ယောက်ချင်းမှစ၍ စီမံကိန်းလုပ်ငန်းကြီးများအထိ လုပ်ငန်းများအောင်မြင်ပြီးမြောက်ရေးအတွက် အရေးပါပါကြောင်း၊ မိမိတို့၏ ဘဏ္ဍာရေးတာဝန်ဝတ္တရားများပေါ်တွင် စိတ်စေတနာကောင်းများ တွဲဖက်၍ အကျိုးရှိထိရောက်စွာ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ပို့ချသွားမည်**

ဆက်လက်၍ သင်တန်းကို အစီအစဉ်အတိုင်းပို့ချရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting)၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Management) နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ဘာသာရပ်သုံးခုကိုသက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက မေ ၁၃ ရက်မှ ၁၄ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ သင်တန်းသားစီမံ/ဘဏ္ဍာရေး တာဝန်ခံများ၊ အရာရှိများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် သတင်းမီဒီယာကောင်စီဝင်နေရာများအတွက် အစားထိုးရွေးချယ်မှုကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၃၀ ရက်တွင် အောင်မြင်စွာစနစ်တကျ ရွေးချယ်ပေးခဲ့ပြီး ဖြစ်သည်။

သတင်းမီဒီယာနည်းဥပဒေ ၁၂ အရ ကောင်စီဝင်များအနက် ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ကောင်စီဝင်များ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ရာ ဒေါက်တာ မျိုးသန့်တင် (ဥက္ကဋ္ဌ)၊ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)(ဒုတိယဥက္ကဋ္ဌ-၁)၊ ဦးတင်မောင်ဦး (ကြို့ပင်ကောက်-တင်မောင်ဦး)(ဒုတိယဥက္ကဋ္ဌ-၂)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) (အတွင်းရေးမှူး)၊ ဦးရဲနိုင်စိုး(တွဲဖက်အတွင်းရေးမှူး-၁)၊ ဦးအောင်ပြည့်စုံ (တွဲဖက် အတွင်းရေးမှူး-၂)၊ ဦးမင်းဟန်(ဘဏ္ဍာရေးမှူး) နှင့် ဦးသက်နိုင်ဦး(စာရင်းစစ်) တို့ အသီးသီးရွေးချယ်ခံရကြောင်း မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# တို့အနာဂတ် လင်းလက်ဖို့

- တွက်ချက်နိုင်စွမ်း၊ ဖတ်မှတ်စွမ်းတို့
  လျှမ်းလျှမ်းလွှင်လွှင်၊ ငယ်နုစဉ်မှာ
  သင်ယူနာကြား၊ လုံ့လထား၍
  မှတ်သားကြလေ၊ ဖြည့်ကျင့်လေလော့။
- ဆင့်ပွားနိုင်စွမ်း၊ ဖြန့်ကြက်စွမ်းတို့
  လန်းဆန်းသန့်ရှင်း၊ ပျိုရွယ်စဉ်မှာ
  နှီးယှဉ်ထိုးထွင်း၊ သိမှုထင်းအောင်
  ကျဉ်းကျယ်ထွေထွေ၊ ဖြည့်စွက်လေလော့။
- ပထမရွယ်၊ သက်နုငယ်၌
  သိဖွယ်မှတ်ရာ၊ အဖြာဖြာကို
  ဖွေရှာစုဆောင်း၊ ပြုမှုကောင်း-ဟု
  သူဟောင်းစဉ်ဆက်၊ မှာခြွေလျက်တည့်
  နှစ်သက်ဖွယ်ပါ့ ထိုစကား...။
- "ပညာရဲရင့် ပွဲလယ်တင့်" ဟု
  ဖြည့်ကျင့်စေရာ၊ ဆိုခဲ့ပါသို့
  "ပညာရွှေအိုး လူမခိုး" တည့်
  ဆိုရိုးရှိထား ထိုစကား...။
- ပညာမဲ့ဘိ၊ တတ်မရှိမူ
  နွမ်းရိညှိုးငယ်၊ ယောင်လည်လည်နှင့်
  ဘယ်ဝယ်စီးပွား၊ အမြဲရှားလျက်
  စကားချေင်၊ ပြေပြစ်မှန်အောင်
  ပြောရန်ခက်ရိုး၊ အဖြစ်ဆိုး၍
  မင်းစိုးမပေါက်၊ ရာမရောက်မို့
  လူ့နောက်ပိတ်မျှ၊ နိမ့်ကျလှသည်
  ဒိဋ္ဌမမှ ထင်စွာတည်း...။
- အို...
  ထုံထိုင်းဦးနှောက်၊ ဉာဏ်မပျောက်ခင်
  တောက်ပဖျိုးဖျပ်၊ အနာဂတ်တွက်
  ဖွင့်လှပ်လေသာ၊ ညီတညာလျှင်
  ပညာရှာဖို့ ကျောင်းတက်စို့...။
  တို့အနာဂတ် လင်းလက်ဖို့...။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

# ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ရာထူးတိုးမြှင့်ခန့်အပ်ခံရသော ဒုတိယပါမောက္ခချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထူးဂုဏ်ယူဝမ်းမြောက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ပါမောက္ခ ၇၁ ဦး၊ နည်းပညာ/ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခ ၃၄ ဦး စုစုပေါင်း ၁၀၅ ဦးကို ဒုတိယပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်နိုင်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပါမောက္ခရာထူးမှ ဒုတိယပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်တာဝန်ထမ်းဆောင်ရာတွင် စီမံခန့်ခွဲရေးတာဝန်များ၊ ဘဏ္ဍာရေးတာဝန်များကို တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲမရှိသော်လည်း စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရာနှုန်းပြည့်ကျွမ်းကျင်မှုရှိရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ယခုသင်တန်းက ယင်းအခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်တစ်ခုလုံး၏ တိုးတက်ရာတိုးတက်ကြောင်းဖြစ်သည့် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သည့် ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**စေတနာထား၍ ပူးပေါင်းဆောင်ရွက်**

အစိုးရအဖွဲ့အစည်း မည်သို့ပင်ပြောင်းလဲစေကာမူ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်း၊ ပညာရေးဝန်ထမ်းများဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အတွက် အနာဂတ် သားကောင်းရတနာများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနေကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ဆောင်ရွက်ရာတွင်လည်း မာန်မာနမထားဘဲ မိမိပတ်ဝန်းကျင်နှင့် ခင်ခင်မင်မင် ဆက်ဆံကာ စေတနာထား၍ ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်အားကောင်းရန် နေ့စဉ်ဆောင်ရွက်ပြီး စီမံအုပ်ချုပ်ရာတွင်လည်း စည်းကမ်းဘောင်အတွင်း ကိုယ်ချင်းစာနာစိတ်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာဟူသော ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်၍ ပါမောက္ခချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယပါမောက္ခချုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်စေလိုပါကြောင်း၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲချိတ်ဆက် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတာဝန်ကျသည့် တက္ကသိုလ်ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လိမ္မာရေးခြားရှိအောင်၊ အရည်အသွေးတိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့် သင်တန်း၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ရာထူးတိုးခန့်အပ်လွှာများကို တစ်ဦးချင်းစီသို့ ပေးအပ်ရာ ဒုတိယပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသူများက လက်ခံရယူကြသည်။ ထို့နောက် သင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာန မူဝါဒများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက သိရှိလိုက်နာကျင့်သုံးရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာပြဋ္ဌာန်းချက်ဘာသာရပ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက တက္ကသိုလ်စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားရောက်စစ်ဆေးသည်။




**မှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြိတ်မြို့ပေါ်ရှိ ပုလဲသန္တာဟိုတယ်၌ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာကိစ္စရပ်များနှင့် ဧည့်သည်များ ဝန်ဆောင်မှုပေးသည့် အခြေအနေများကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာရန် လိုအပ်ပါကြောင်း၊ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထား လိုက်နာနိုင်ရေး အသိပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လက်ရှိကာလ အခြေအနေအရ ခရီးသွားဧည့်သည်များနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ပေါ်ရှိ သဘာဝငှက်အိမ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ငှက်သိုက်ထုတ်လုပ်ရေးနှင့် စီးပွားဖြစ်ရောင်းချနေမှုများကို ရှင်းလင်းပြသသည်။ နှစ်ပေါင်း ၅၀ ကျော်ခန့် ကြာမြင့်ပြီဖြစ်သည့် သဘာဝငှက်သိုက်အိမ်သည် မြိတ်မြို့တွင် ဇီဝဖိုးငှက်များ သဘာဝအတိုင်း လာရောက်အသိုက်ပြုလုပ်နေထိုင်သည့် တစ်ခုတည်းသောနေအိမ်ဖြစ်ပြီး ၎င်းအိမ်ကဲ့သို့သော သဘာဝအတိုင်းမဟုတ်ဘဲ ဇီဝဖိုးငှက်အော်သံအတုဖြင့် မွေးမြူရေးငှက်သိုက်ထုတ်လုပ်သည့်အိမ် များစွာရှိသဖြင့် မြိတ်မြို့သို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လေ့လာကြည့်ရှုနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့တွင် ၁၉၃၁ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ လေးနှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သည့် ကမ္ဘာကျော်အိုင်းရစ်လူမျိုးစာရေးဆရာကြီး Mr.Maurice Collis နေထိုင်ခဲ့သော ကိုလိုနီ Building ကို သွားရောက်ကြည့်ရှုခဲ့ပြီး မြိတ်မြို့တစ်ဖက်ကမ်းရှိ ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထော်ပထက်ကျွန်းပေါ်တွင် တည်ထားကိုးကွယ်သော အတုလရုံသီ ရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားဂေါပကအဖွဲ့ကို အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အတုလရုံသီ ရွှေသာလျောင်းရုပ်ပွားတော်ဘုရားကြီးသည် လျောင်းတော်မူဘုရားများ၌ သတ္တမမြောက် အကြီးဆုံးဘုရားတစ်ဆူဖြစ်ပြီး ဉာဏ်တော် အလျား ၂၁၆ ပေ၊ အမြင့် ၅၇ ပေရှိကာ ပလ္လင်တော်အလျားမှာ ၂၂၅ ပေ ရှည်လျားကာ ဘုရားကြီးအတွင်းပိုင်းရှိ အခန်းပေါင်း ၁၄ ခန်းတွင် မုဒြာပုံသဏ္ဌာန်မျိုးစုံရုပ်ပွားဆင်းတုတော်များ၊ နံရံများတွင် ဘုရားရုပ်ပွားတော်များ နံရံကပ်ပူဇော်ထားရှိပြီး ဘုရားရင်ပြင် ကုန်းတော်ပေါ်မှ ပင်လယ်ပြင်အလှရှုခင်းနှင့် မြိတ်မြို့၏ ကမ်းနားအလှအပများကို ကြည့်ရှုခံစားနိုင်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သော ဘုရားဖူးခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့တစ်ဖက်ကမ်းရှိ ခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာ လာရောက်လည်ပတ်လေ့ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ပထော်ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ပုစွန်သားပေါက်မွေးမြူရေးစခန်း၊ ငါးပုစွန် တန်တစ်ထောင်အအေးခန်းစက်ရုံ၊ လှေလွှန်းကျင်းလုပ်ငန်းနေရာ၊ ပုစွန်မွေးမြူရေးကန်နှင့် ကဏန်းပျော့မွေးမြူရေးစခန်းနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။ အဆိုပါနေရာများသည် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်အများစု စိတ်ဝင်တစား လာရောက်လေ့လာလည်ပတ်လေ့ရှိသည့် ခရီးစဉ်နေရာတစ်ခုဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ပုလဲမွေးမြူရေး၊ ငှက်သိုက်၊ ငါးပုစွန်နှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများ၊ အင်္ဂလိပ်ကိုလိုနီခေတ် ဗိသုကာလက်ရာအချို့သာမက သဘာဝပင်လယ်ပြင်ကြီးနှင့် လှပသောကျွန်းများရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူသို့ မေတ္တာရပ်ခံ ပန်ကြားချက်

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်**
**၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လုံခြုံစိတ်ချ၍ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ရန်အတွက် နေ့ညမလပ်၊ ရာသီဥတု၊အချိန်အခါမရွေး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်လက်၍လည်း အကောင်းဆုံးဝန်ဆောင်မှုဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လုံခြုံစိတ်ချ၍ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကိုရရှိသုံးစွဲနိုင်စေရန် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများမှ လျှပ်စစ်ဓာတ်အားထုတ်လျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင်စက်ရုံများမှလည်း လျှပ်စစ်ဓာတ်အားများကို ဝယ်ယူ၍ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၃။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများထံမှရရှိသော ဓာတ်အားခများဖြင့် ပြည်သူများ လိုလားနေသော တည်ငြိမ်ပြည့်ဝလုံလောက်သည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ရသကဲ့သို့ ပုဂ္ဂလိကပိုင်စက်ရုံများမှလည်း ဝယ်ယူဖြန့်ဖြူးပေးနေရသဖြင့် သုံးစွဲခဲ့သည့် လျှပ်စစ်ဓာတ်အားခများအား ပေးသွင်းမှသာလျှင် စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ဝယ်ယူဖြန့်ဖြူးနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအနေဖြင့် မိမိတို့သုံးစွဲခဲ့သော ဓာတ်အားခကျသင့်ငွေများကို လအလိုက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားသည့် ရက်များမတိုင်မီ ပေးသွင်းရန်လိုအပ်ပါသည်။ ထိုသို့ပေးသွင်းရာတွင် Mobile Banking ဖြင့်လည်း ပေးသွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိပါက လျှပ်စစ်ဥပဒေအရ လျှပ်စစ်ဓာတ်အားဖြတ်တောက် အရေးယူခြင်းမခံရစေရန် စေတနာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသား ခေါင်းဆောင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် မြို့တိုင်းရင်းသား ခေါင်းဆောင် ဦးစံသာအောင်နှင့်အဖွဲ့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိသည် မကြာသေးမီကာလအတွင်းက ဒုတိယဝန်ကြီးနှင့်အတူ ရခိုင်ပြည်နယ်သို့ ခရီးစဉ်သွားရောက်ခဲ့ရာ ခရီးစဉ်တွင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ၊ တိုင်းရင်းသားဘာသာသင်နေ့စားလပေး(TA/ LT) ဆရာ ဆရာမများ ဆက်လက်ခန့်ထားပေးနိုင်ရေးနှင့် ပုံပြင်ပုံပြင်စာအုပ် ဆက်လက်ဖြန့်ဝေပေးမည့်ကိစ္စများ၊ တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ တတ်နိုင်သည့်ဘက်မှလည်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါကြောင်း၊ ယခုလာရောက်ဆွေးနွေးသည့်တာဝန်ရှိသူများအနေဖြင့် မိမိတို့ တိုင်းရင်းသားအရေးနှင့်ပတ်သက်လျှင် အချိန်မရွေး လွတ်လပ်စွာ လာရောက်ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသား ခေါင်းဆောင် ဦးစံသာအောင်နှင့်အဖွဲ့က မြို့တိုင်းရင်းသားစာပေအား အခြေခံပညာကျောင်းများတွင် တရားဝင်သင်ကြားခွင့်ရရှိနိုင်ရေး၊ တိုင်းရင်းသားဘာသာသင် နေ့စားလပေး (TA /LT) ဆရာ ဆရာမများ ခန့်ထားပေးနိုင်ရေး၊ မြို့တိုင်းရင်းသားစာပေကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြို့တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တိုင်းရင်းသားစာပေများကို အခြေခံပညာကျောင်းများတွင် တရားဝင်သင်ကြားခွင့်ရရှိနိုင်ရေးအတွက်သည် စာပေကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့တိုင်းရင်းသားလူမျိုးစုများ၏ ဘုံသဘောတူစာပေရရှိရန် လိုအပ်မည်ဖြစ်ပြီး ၎င်းစာပေကို သက်ဆိုင်ရာ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရရှိရန် လိုအပ်ပါကြောင်း၊ ထိုအချက်များပြည့်စုံပါက မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနက တရားဝင်သင်ကြားခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက တရားဝင်သင်ကြားခွင့်ပြုပြီးပါက တိုင်းရင်းသားဘာသာသင်နေ့စားလပေး TA / LT ဆရာ ဆရာမများကိုလည်း ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသား ခေါင်းဆောင် ဦးစံသာအောင်နှင့်အဖွဲ့က အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မိမိတို့၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအား ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း၊ စာပေနှင့်ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါကြောင်း၊ မြို့တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် ဘုံစာပေ (သို့မဟုတ်) မြို့စာပေ ခိုင်ခိုင်မာမာ တည်ရှိနိုင်ရန်အတွက် မြို့တိုင်းရင်းသားမျိုးနွယ်စု ညီလာခံခေါ်ယူကျင်းပပြီး စာပေယဉ်ကျေးမှုကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း၊ မိမိမျိုးနွယ်စု၏ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို အခြားတိုင်းရင်းသား မျိုးနွယ်စုများသော်လည်းကောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကသော်လည်းကောင်း ဝင်ရောက်စွက်ဖက် ဆုံးဖြတ်ပေး၍မရပါကြောင်း၊ မြို့တိုင်းရင်းသားများအားလုံး လက်ခံသောစာပေအတည်ဖြစ်ပါက တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

**☆ မြန်မာ့စီးပွားရေးဘဏ်မှ**

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့)မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

(က) **အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့်နေရာ**
မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂၊ ၀၁-၃၇၉၃၅၁

(ခ) **ဝန်ဆောင်မှုပေးမည့် လုပ်ငန်းများ**

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ် ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှု လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါ စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်း နည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ငွေသားပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ(၇၆)ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှုစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

---

**○ ရန်ကုန်မှ**

အဆိုပါ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ပြင်ပလူနာများကိုလည်း အစိုးရရုံးဖွင့်ရက်များအတိုင်း နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး အရေးပေါ်လူနာများကိုလည်း နေ့စဉ် နေ့ညမပြတ် ပုံမှန် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချက်ချင်းကုသပေး**

"တချို့သော ကလေးတွေ မတော်တဆ နှာခေါင်းထဲကို တစ်ရှူးစဝင်လို့ပဲဖြစ်ဖြစ်၊ အစေ့အဆန်ဝင်လို့ပဲဖြစ်ဖြစ်၊ ဖော့စဝင်လို့ပဲဖြစ်ဖြစ် အရေးပေါ်ဌာနကို ရောက်ရှိလာရင်သော်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ လေပြွန်တွင် တပ်ဆင်ထားသူလူနာမှ လေပြွန်ပြုတ်ထွက်၍ အသက်ရှူကျပ်ပြီး ရောက်ရှိလာလျှင်သော် လည်းကောင်း လူနာများကိုလည်း ကျွန်မတို့အနေနဲ့ ချက်ချင်းကုသပေးတဲ့အပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကုသတဲ့ လူနာတွေကိုလည်း ပါမောက္ခ/ဌာနမှူး ဦးဆောင်ပြီး ချက်ချင်းကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက ပြောကြားသည်။

အဆိုပါ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၂ ရက်အထိ လူနာ ၄၉၅၃ ဦးကို ပါမောက္ခ/ဌာနမှူး ဦးဆောင်ပြီး အထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များဖြင့် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# လူ့တန်ဖိုးနှင့် ကိုယ်ကျင့်သိက္ခာ

ပူတူတူးလေး

**ကိုယ်ဘာလုပ်တယ်။ ကိုယ်ဘာတွေးလိုက်၊ ကြံလိုက်တယ်ဆိုတာ ကိုယ်အသိဆုံးပါ။ မှန်ထဲကြည့်ရင် ကိုယ့်မျက်နှာကို မြင်ရမယ်။ ကိုယ့်မျက်နှာကို မှန်ထဲမှာ မြင်လို့မှ တန်ဖိုးမထားနိုင်ဘူး၊ အမြတ်တနိုး မရှိတော့ဘူးဆိုရင် ကောင်းတဲ့လက္ခဏာမဟုတ်ပါ။ ကိုယ်ကျင့်သိက္ခာဆိုတာကို တိုင်းဖို့စံဟာ တစ်ခုတည်းပဲ ရှိပါတယ်။ လူမျိုးအလိုက် ကွဲပြားခြားနားတဲ့ စံသီးသန့် မရှိပါဘူး။ ဘယ်လူမျိုးပဲဖြစ်ဖြစ် 'သီလ' ဆိုတဲ့ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာတိုင်းတာရာမှာ စံတစ်မျိုးတည်းပဲ ရှိပါတယ်။ ကိုယ်ကျင့်သိက္ခာဆိုတာ လူ့တန်ဖိုးကို တိုင်းတဲ့စံပါ။**

**နိဒါန်း**

"ဘောဂဗျသန – ဥစ္စာဆုံးရှုံးလျှင် ပြန်ရှာနိုင်သေး၏။

ဉာတိဗျသန – ဆွေမျိုးဆုံးရှုံးလျှင် ထိခိုက်လှ၏။

သီလဗျသန – အကျင့်စာရိတ္တပျက်ပါက သုံး၍ မရတော့။ ထိုသူ၏ဘဝသည် လုံးဝပျက်သုဉ်း၏။"

"ပစ္စည်းဥစ္စာပျောက်ပါက အနည်းငယ် ထိခိုက်၏။

ကျန်းမာရေး ပျက်ယွင်းလျှင် အတော်ဒုက္ခ ရောက်၏။

ကိုယ်ကျင့်တရား ပျက်ပြားလျှင်ကား ခေါင်းဆောင်အကြီးအမှူး မဖြစ်ထိုက်ရုံမျှမက လူ့အရည်အချင်း ပျက်ယွင်းသူဟု ဆိုရ၏။"

မြန်မာ့ရိုးရာအစဉ်အလာတန်ဖိုးအရဖြစ်စေ၊ နိုင်ငံတကာ ယဉ်ကျေးမှုကျင့်ဝတ်အရဖြစ်စေ အကျင့်စာရိတ္တပျက်ယွင်းပျက်ပြားခြင်းကို လူတိုင်းက သတိထားပြီး ရှောင်ကြဉ်ကြရပါတယ်။ ကိုယ်ကျင့်သီလဟာ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ အခြေခံအကျဆုံးတန်ဖိုးပဲ မဟုတ်လား။

ကျွန်တော်ဖတ်ရှုမိတဲ့ စာအုပ်၊ စာပေတွေထဲက နှစ်သက်တဲ့စာတွေကို မှတ်တမ်းတင်ထားလေ့ရှိပါတယ်။ စာဖတ်သူတွေ ဖတ်ရှုသင့်တဲ့ အကြောင်းအရာတွေကို ပြန်လည်မျှဝေတင်ပြလိုပါတယ်။ အခုတင်ပြသွားမယ့်အကြောင်းအရာတွေဟာ စာဖတ်သူတွေအတွက် အကျိုးရှိမယ့် စာပေကောက်နုတ်ချက်ပဲဖြစ်ပါတယ်။ ဆရာမောင်ချို(စိတ်ပညာ) ရဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးစာအုပ်မှာ ဖတ်ရှုမိတဲ့ အကြောင်းတွေကို ပြန်လည်မျှဝေရေးသားလိုက်ပါတယ်။

**မိမိ၏တန်ဖိုး**

လိုရင်းကတော့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတော့မယ်ဆိုရင် –

၁။ ကိုယ့်အစွမ်းအစ ကိုယ်သိရပါမယ်။

၂။ ကိုယ်လုပ်နိုင်တာ၊ မလုပ်နိုင်တာ ခွဲသိရပါမယ်။

ဒီအချက်နှစ်ချက်အပေါ်မူတည်ပြီး ခုလိုပြောမယ်ဆိုရင် ပြောလို့ရပါတယ်။ **"လူဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ဖို့ဆိုရင် ကုသိုလ်နဲ့ အကုသိုလ် ခွဲသိဖို့လိုတယ်။ ဒီလိုခွဲသိနိုင်တဲ့ Values တွေ သင့်မှာရှိဖို့လိုပါတယ်။"**

ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ စကားလုံးတွေဟာ ခေါင်းစားလောက်တဲ့ စကားလုံးတွေဆိုတာ သိပါတယ်။ ဒါကြောင့် ပေါ့ပေါ့ပါးပါးလေး ပြန်ဖြစ်သွားအောင် ရှေးခေတ်က ဖြစ်ခဲ့တဲ့အကြောင်းတစ်ခုကို ဥပမာအဖြစ် ပြောပြပါ့မယ်။ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ဂျာမနီနိုင်ငံဆိုင်ရာသံရုံးမှာ အင်္ဂလန်နိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးတစ်ဦး လာပြီးရုံးထိုင်သတဲ့။ သံတမန်တွေ ဖလှယ်မယ်ဆိုရင် ဆိုင်ရာသံအမတ်တွေရဲ့ ကိုယ်ရေးရာဇဝင်အသေးစိတ်ကို ရုံးထိုင်တဲ့နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးရုံးကို ကြိုတင်ပို့ပေးရတယ်။

ဒါဟာ သံခင်း တမန်ခင်းကိစ္စတွေရဲ့ ပုံမှန်လုပ်ထုံးလုပ်နည်းပါ။ အင်္ဂလန်နိုင်ငံကို လာပြီး ထိုင်မယ့် ဂျာမနီနိုင်ငံဆိုင်ရာသံအမတ်ကြီးရဲ့ နောက်ကြောင်းက အင်မတန်မှ ရှင်းတယ်။ မျိုးရိုးကောင်းမှလာသူဖြစ်တယ်။ ပညာထူးချွန်တယ်။ ကိုယ်ကျင့်တရားကောင်းရှိတယ်။ လုပ်ရည်ကိုင်ရည်ကောင်းလို့ ဂျာမနီနိုင်ငံရဲ့ တစ်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးအထိ ဖြစ်နိုင်သူလို့ အများက ပြောနေသူဖြစ်တယ်။ ဒီလိုလူဟာ အင်္ဂလန်နိုင်ငံ ရောက်ပြီး ဘာမှမကြာလိုက်ဘူး။ သံအမတ်ရာထူးကနေ နုတ်ထွက်သွားပါတယ်။

**သံခင်းတမန်ခင်း**

ဒီသတင်းကြောင့် ဥရောပတစ်တိုက်လုံးတောင် လှုပ်ခတ်သွားပါတယ်။ ဘာလို့များ သံအမတ်ရာထူးကနေ နုတ်ထွက်သွားရတာပါလိမ့်။ အကြောင်းက ဒီလိုပါ။ ဒီသံအမတ်ကြီး ရုံးထိုင်လို့ အသားကျသွားပြီဆိုတာနဲ့ ဂျာမနီအစိုးရက အင်္ဂလန်နိုင်ငံရဲ့ ထိုစဉ်က ဘုရင် Edward VII ကို ဂျာမနီသံရုံးကနေပြီး ညစာစားပွဲတည်ခင်းပြီး တခမ်းတနားချီးမြှင့်ရမယ်လို့ အကြောင်းကြားတယ်။ သံတမန်ဆက်ဆံရေးရှိတဲ့ နိုင်ငံတိုင်းလုပ်နေကျကိစ္စပါ။ ဂျာမနီသံရုံးက ဘုရင်ကို ညစာစားပွဲဖိတ်ကျွေးမယ်ဆိုရင် ဦးစီးဦးဆောင်လုပ်ရမယ့်သူက သံရုံးရဲ့အကြီးအကဲဖြစ်တဲ့ သံအမတ်ကြီးပေါ့။ ကျင်းပရမယ့် ညစာစားပွဲဟာ အင်္ဂလန်ဧကရာဇ် Edward VII စိတ်ကြိုက်ဖြစ်စေရမယ်။

Edward VII ရဲ့ စိတ်ကြိုက်ဆိုတာ ဘာတွေလဲ။ အစားအသောက်ကောင်းတွေလား၊ ကောင်းပေ့ဆိုတဲ့ အဖျော်ယမကာတွေလား၊ အကောင်းဆုံး တီးမှုတ်ဆိုကဖျော်ဖြေရေးတွေလား၊ ဒါတွေကို ဂျာမနီသံအမတ်ကြီး အသာလေးဖန်တီးပေးနိုင်ပါတယ်။ ဒါ့ထက်ပိုနေလို့ ဂျာမနီသံအမတ်ကြီး အခက်တွေ့ရတာပါ။ ဘုရင်မင်းမြတ် Edwart VII ဟာ မြာအလွန်ပွေသူပါ။

**မှန်ထဲမှာ ပြန်ကြည့်ရဲပါစေ**

အစား၊ အသောက်၊ ဂီတ၊ အကထက် "မ"ပေါ်မှာ အရသာ အလွန်ရှာချင်သူပါ။ ဒါကြောင့် ဂျာမနီအစိုးရရဲ့ ညွှန်ကြားချက်မှာ အင်္ဂလန်နိုင်ငံရဲ့ ဦးသျှောင်ဖြစ်တဲ့ Edward အကြိုက်ကို လိုလေသေးမရှိ လုပ်ပေးရမယ်လို့ သံအမတ်ကြီးထံ ရာဇသံပို့ပြီးသားဖြစ်ပါတယ်။ သံအမတ်ကြီးအနေနဲ့ ဧည့်ခံဖျော်ဖြေရေးကိစ္စ၊ အကျွေးအမွေးကိစ္စ၊ အဖျော်ယမကာကိစ္စတို့အပြင် အင်္ဂလန်နိုင်ငံမှာရှိတဲ့ လှပေ့၊ ချောပေ့ဆိုတဲ့ အမျိုးသမီးတွေကိုပါ ဧည့်ခံပွဲတက်အောင် စည်းရုံးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဂျာမနီသံအမတ်ကြီးက ညစာစားပွဲမကျင်းပမီမှာပဲ နုတ်ထွက်စာတင်ပြီး သူ့နိုင်ငံကို ပြန်သွားပါတယ်။ မပြန်ခင် ပြောခဲ့တဲ့စကားကတော့ **"ဒါမျိုးတော့ ကျွန်တော်မလုပ်နိုင်ဘူး။ မနက်လင်းလို့ ကိုယ့်မျက်နှာ ကိုယ်ပြန်ကြည့်၊ မိန်းမရှင်ခေါင်း (ဖာ/ပြည့်တန်ဆာခေါင်း) ရုပ်ပေါက်နေမယ်ဆိုရင်"။**

ဒီဖြစ်ရပ်ဟာ ၁၉၀၆ ခုနှစ်က ဖြစ်ရပ်ပါ။ အတိတ်မှာ ကျန်ခဲ့ပါပြီ။ ဒါပေမဲ့ သမိုင်းမှာကတော့ အရိပ်ထင်ထင်ရှားရှားရှိဆဲပါ။ သံအမတ်ကြီးဟာ သူ့ကိုယ်သူ သိသူပါ။ ဘာကို မလုပ်နိုင်ဘူးလဲဆိုတာသိသူပါ။ ဒါကြောင့် ကိုယ့်ကြမ္မာကို ရဲရဲကြီး ကိုယ်တိုင်ဖန်တီးဝံ့သူပါ။ Values ကို သီလလို့ အနက်ပေါ်တာ သင်လက်ခံရင် သာခုခေါ်လိုက်ပါ။

ကိုယ်ဘာလုပ်တယ်။ ကိုယ်ဘာတွေးလိုက်၊ ကြံလိုက်တယ်ဆိုတာ ကိုယ်အသိဆုံးပါ။ မှန်ထဲကြည့်ရင် ကိုယ့်မျက်နှာကို မြင်ရမယ်။ မှန်ထဲကလူဟာ ဘယ်သူလဲ၊ မိန်းမရှင်တစ်သိုက်ခေါ်ပြီး မိန်းမလိုက်စားတဲ့လူလက်ထဲ ထည့်ပေးလိုက်တဲ့သူလား။ ဒါဆို မှန်ထဲက လူဟာဘာလဲ။ ကိုယ့်မျက်နှာကို မှန်ထဲမှာ မြင်လို့မှ တန်ဖိုးမထားနိုင်ဘူး၊ အမြတ်တနိုး မရှိတော့ဘူးဆိုရင် ကောင်းတဲ့လက္ခဏာမဟုတ်ပါ။ ကိုယ်ကျင့်သိက္ခာဆိုတာကို တိုင်းဖို့စံဟာ တစ်ခုတည်းပဲ ရှိပါတယ်။ လူမျိုးအလိုက် ကွဲပြားခြားနားတဲ့ စံသီးသန့် မရှိပါဘူး။ ဘယ်လူမျိုးပဲဖြစ်ဖြစ် 'သီလ' ဆိုတဲ့ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာတိုင်းတာရာမှာ စံတစ်မျိုးတည်းပဲ ရှိပါတယ်။ ကိုယ်ကျင့်သိက္ခာဆိုတာ လူ့တန်ဖိုးကို တိုင်းတဲ့စံပါ။ ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးအားလုံးအတွက် စံဟာ တစ်ခုတည်း ရှိပါတယ်။ ဒါကို ဂျာမနီသံအမတ်ကြီးသိပါတယ်။

**ကိုယ်ကျင့်သိက္ခာ**

ကိုယ်ကျင့်သိက္ခာရှိတဲ့ လူ (ဝါ) သီလရှိတဲ့ လူတစ်ယောက်အဖို့က ဘယ်အရပ်၊ ဘယ်ဒေသ ရောက်ရောက် ရိုးသားတဲ့အသိုင်းအဝိုင်းက ကြည်ကြည်ဖြူဖြူ လက်ခံမှာပါ။ ကိုယ့်ရဲ့သီလ၊ သိက္ခာ၊ သမာဓိဆိုတာတွေကို ဂရုတစိုက်ထိန်းသိမ်းနိုင်ဖို့ လိုပါတယ်။ ဒီနေရာမှာ သီလ၊ သိက္ခာ၊ သမာဓိဆိုတာတွေကိုလည်း Value (တန်ဖိုး)တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။

Value ဆိုတဲ့ တန်ဖိုးဟာ တက်နိုင်၊ ကျနိုင်တဲ့ သဘာဝရှိပါတယ်။ ဒီလိုပါပဲ။ သီလ၊ သိက္ခာ၊ သမာဓိတွေဟာ အတက်ရှိသလို အကျလည်းရှိပါတယ်။ တက်ဖို့ အချိန်ကာလအများကြီးပေးပြီး ပြုစုပျိုးထောင်ရတာပါ။ သီလ၊ သိက္ခာ၊ သမာဓိတွေဟာ ကျပြီဆိုရင်တော့ မျက်စိတစ်မှိတ်အတွင်း ကုန်းကောက်စရာ မရှိလောက်အောင် ကျသွားနိုင်ပါတယ်။ ကိုယ့်သိက္ခာ၊ ကိုယ့်သမာဓိ၊ ကိုယ့်သီလကို လုံအောင်ဂရုစိုက်ရမှာပါ။

ဒီနေရာမှာ ကိုယ့်တန်ဖိုးတွေ ကိုယ်ထိန်းသွားတဲ့ အမျိုးသမီးတစ်ယောက်အကြောင်း ပြောပြပါမယ်။ ပညာတတ်အမျိုးသမီးပါ။ အလုပ်အကိုင် နေရာချထားရေးကိစ္စတွေနဲ့ အဲဒီလုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေမှာ အထူးကျွမ်းကျင်တဲ့ပညာရှင်ပါ။ ဒီအမျိုးသမီးအနေနဲ့ တစ်ကိုယ်ရေအားဖြင့် ထွန်းပေါက်အောင်မြင်တယ်လို့ ပြောရမှာပါ။ ဒါပေမဲ့ သူဝင်ရောက်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းကတော့ ထွန်းထွန်းပေါက်ပေါက် အောင်အောင်မြင်မြင် မရှိလှပါဘူး။ မရှိလို့လည်း သူ့ထက်ကြီးတဲ့ စီးပွားရေးလုပ်ငန်းစုကြီး (Corporation) က မျိုလိုက်တာပေါ့။ မျိုလိုက်တယ်ဆိုတာ ဒီလိုပါ။ ကမ္ဘာ့စီးပွားရေးလောကမှာ လုပ်ငန်း အကြီးကြီးတွေ၊ ကုမ္ပဏီအကြီးကြီးတွေက သူတို့နဲ့ လုပ်ငန်းသဘာဝတူတဲ့ လုပ်ငန်း၊ ကုမ္ပဏီတွေကို ဝယ်ယူလိုက်တာဖြစ်တယ်။

**ဌာနတွင်းဝိရောဓိ**

ဒီအခါမှာ ချည့်နဲ့အားနည်းနေတဲ့ လုပ်ငန်းဟာ သဘာဝတူပြီး အားကြီးတဲ့လုပ်ငန်းကြီးရဲ့ လက်ခွဲ၊ လက်အောက်ခံ၊ တွဲဖက်အဖြစ် လုပ်ကိုင်ရတော့ ပြန်ပြီးနာလန်ထူလာတာမျိုးရှိတယ်။ ဖော်ပြပါ အမျိုးသမီး လုပ်ကိုင်နေတဲ့လုပ်ငန်းကို တခြားကော်ပိုရေးရှင်းတစ်ခုက ဝယ်ယူလိုက်ပြီး မလိုတဲ့ အလုပ်သမားတွေကို အလုပ်သမားဥပဒေအတိုင်း လျော်ကြေးပေးပြီး အလုပ်ထုတ်တာတို့၊ လိုတဲ့ အလုပ်သမားတွေကို ဆက်ခန့်ထားတာတို့ လုပ်တယ်။ ခုပြောနေတဲ့အမျိုးသမီးကိုတော့ ရာထူးလစာတောင်တိုးပေးပြီး ဝန်ထမ်းရေးရာ ကိုင်ခိုင်းတယ်။ ပိုင်ရှင်အသစ်က အမျိုးသမီးကို မူလလုပ်ငန်းဘက်က ပါလာတဲ့ဝန်ထမ်းတွေ၊ အလုပ်သမားတွေကို မည်သို့လုပ်ရမည်ကို အစီရင်ခံစာ တင်ခိုင်းတယ်။ အမျိုးသမီးက ညွှန်ကြားတဲ့အတိုင်း အစီရင်ခံစာတင်တယ်။ အစီရင်ခံစာမှာ မူလရှိရင်းစွဲဝန်ထမ်းတွေကို ဆက်လက်ခန့်ထားဖို့ လိုအပ်ပါက သင်တန်းပေးရန်၊ အလွန်လိုအပ်မှသာ ပြင်ပမှလူသစ်များ ခေါ်ယူခန့်ထားရန်တို့ ပါဝင်တယ်။

ကော်ပိုရေးရှင်းဘုတ်အဖွဲ့က လုပ်ငန်းကို တိုးချဲ့ချင်တယ်။ မူလရှိရင်းစွဲလူတွေကို မူလနေရာအတိုင်းထားဖို့ ဆုံးဖြတ်တယ်။ ရာထူးလစာတိုးမြှင့်ပေးဖို့ မစဉ်းစားဘူး။ လူသစ်တွေ ခေါ်ယူခန့်ထားဖို့ကိုပဲ စိတ်သန်နေကြတယ်။ အမျိုးသမီးကလည်း ရှိတဲ့ဝန်ထမ်းတွေကို အစွမ်းကုန်လုပ်ခိုင်းကြည့်ပါဦး၊ မသင့်သူချန်ပြီး သင့်တဲ့သူကို ရာထူးတိုးမြှင့်ပြီးခိုင်းဖို့ အစီရင်ခံစာမှာထည့်ရေးတယ်။ ကော်ပိုရေးရှင်းဘုတ်အဖွဲ့က ပြင်ပလူငယ်ပညာတတ်တွေနဲ့ သွေးသစ်လောင်းလိုတယ်။ လူသစ်ခေါ်ရေး၊ လူသစ်တွေခန့်ထားရေးကိစ္စတွေမှာ အတော်လေး အချေအတင်ဖြစ်လိုက်တယ်။ နောက်ဆုံးဘုတ်အဖွဲ့က လူသစ်တွေကို တိုးချဲ့ခန့်ထားပြီး လုပ်ငန်းတိုးချဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာမှာ အဆိုပါအမျိုးသမီးနဲ့ ဘုတ်အဖွဲ့မှာ ပါဝင်တဲ့လူကြီးတွေရဲ့ သဘောထားအမြင်တွေ ကွဲလွဲသွားပြီဖြစ်တယ်။ တစ်နည်းပြောရရင် Values တွေ မတူကြတော့ဘူး၊ အမျိုးသမီးက လူဟောင်းတွေကို မက်လုံးအသစ်တွေပေးပြီး ခိုင်းစေချင်တယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်သင်ပညာရေးကျောင်းများ၌ သင်္ကန်း၊ လှူဖွယ်ဝတ္ထုနှင့် သီလရှင်ဝတ်စုံများ လှူဒါန်း

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် မေ ၁၁ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကျောက်စရစ်ကုန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေမြို့ကြီး ဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပြင်ကြီးသာသနာ့ဝေပုလ္လ သီလရှင်သင်ပညာရေးကျောင်းများသို့လည်းကောင်း၊ မေလ ၁၂ ရက်တွင် ပျဉ်းမနားမြို့နယ်ရှိ ရတနာမှန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ စက်ရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပန်းပဲစုဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဇေယျာသီရိမြို့နယ်ရှိ ရွှေကြာပျိုးခင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ မေလ ၁၃ ရက်တွင် ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမိဂုဏ်ဝေသီလရှင်သင်ပညာရေးကျောင်း၊ အောင်ချမ်းသာသီလရှင်သင်ပညာရေးကျောင်းနှင့် သံလမ်း(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့လည်းကောင်း သွားရောက်၍ ကျောင်းအုပ်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ထိုသို့ လျှောက်ထားရာတွင် မေ ၁၀ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၀/၂၀၂၁)၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက်များစွာ အထောက်အကူပြုခဲ့ကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အသစ်လျှောက်ထားခြင်းနှင့် အဆင့်တိုးမြှင့်လျှောက်ထားခြင်းတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အရည်အသွေးမြင့်မားစေရေးနှင့် ဆရာ ဆရာမများ အရည်အချင်းပြည့်မီစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ ကူးရာတွင်လည်း ပိုင်ပိုင်နိုင်နိုင် အရည်အချင်းရှိရှိ ကူးနိုင်အောင် သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်သည့်အချိန်တွင် ကျောင်းသားများ အခက်အခဲမရှိစေရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားများ အခြေခံပညာကျောင်းများသို့ ကျောင်းပြောင်းသည့်အခါ အာမခံချက်ရရှိရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများ အတန်းပညာကို သင်ယူကြသည့်နည်းတူ ဗုဒ္ဓဘာသာကို အခြေခံသော ယဉ်ကျေးမှုသင်တန်းများကိုပါ တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်သည့်အချိန်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ပါရန် လျှောက်ထားပြီး ကျောင်းအုပ်ဆရာတော်များနှင့် သီလရှင် ဆရာကြီးများ၏ ဩဝါဒကိုနာယူကာ သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကျောင်းစာသင်ခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဆရာမများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူအများ အေးချမ်းစွာ လာရောက်အပန်းဖြေသော တိုင်းရင်းသားကျေးရွာမှ နိုင်ငံတော်အခွန် သိန်းပေါင်း ၅၀၀၀ ကျော် နှစ်စဉ် အခွန်ထမ်းလျက်ရှိ

**ရန်ကုန် မေ ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ကြီးကြပ်စီမံလျက်ရှိသော ရန်ကုန်မြို့ သာကေတမြို့နယ်အတွင်းရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးမှာ နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော် အခွန်ထမ်းလျက်ရှိပြီး မေ ၂ ရက်က ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ယခုအခါ ပြည်သူအများ အေးချမ်းစွာ လာရောက်အပန်းဖြေလျက်ရှိကြောင်း သိရသည်။

"ဒီပြည်ထောင်စုတိုင်းရင်းသားကျေးရွာက နှစ်စဉ် နိုင်ငံတော်ကို ဘဏ္ဍာအခွန် ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အခွန်ထမ်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကာလမတိုင်ခင်ကဆို နေ့စဉ်လိုလို လူစည်ကားတယ်။ နိုင်ငံတော်ရုံးပိတ်ရက်တွေဖြစ်တဲ့ အခါကြီး၊ ရက်ကြီးတွေနဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာတော့ လာရောက်လည်ပတ်ကြတာ ကြိတ်ကြိတ်တိုးပေါ့။ ဒီမှာက လေကောင်းလေသန့်လည်းရ၊ ကလေးကစားကွင်းလည်းရှိ၊ အရိပ်အာဝါသကလည်းကောင်းတော့ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်လေ့လာကြတဲ့သူတွေ ပိုများလာတာကို သတိထားမိတယ်။ အခုလည်း ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးစည်းကမ်းချက်နဲ့အညီ ပြန်ဖွင့်လိုက်တာ လေးငါးရက်အတွင်းမှာပဲ လာရောက်လည်ပတ်ကြတဲ့သူတွေ နေ့စဉ်လိုလိုရှိနေတာပဲ"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ယာယီပိတ်ထားခဲ့ရသည်။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်တို့ဖြင့် ပြီးခဲ့သော မေ ၂ ရက်က ဖွင့်ပွဲအခမ်းအနားကျင်းပကာ မေ ၃ ရက်မှစတင်၍ ပြည်သူအများ လာရောက်အပန်းဖြေလေ့လာနိုင်ရန် ပြန်လည်၍ စတင်ဖွင့်လှစ်ပေးခဲ့သည်။ ဝင်ကြေးအနေဖြင့် လူကြီးငွေကျပ် ၅၀၀၊ နိုင်ငံခြားသားတစ်ဦး ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိပြီး ၁၀ နှစ်အောက်ကလေးများနှင့် ရဟန်း၊ သံဃာ၊ သီလရှင်တို့အား အခမဲ့ဝင်ရောက်အပန်းဖြေလေ့လာခွင့်ပြုလျက်ရှိသည်။

"ကျွန်မတို့က ဒေါပုံကနေ မိသားစုလိုက်လာပြီး လည်ပတ်အပန်းဖြေကြတာပါ။ ဒီနေ့က အလုပ်တွေလည်းပိတ်၊ အိမ်က တိုက်ခန်းဆိုတော့ ပူလည်းပူတာနဲ့ အခုလို လာလည်ဖြစ်တာပါ။ ကလေးကစားကွင်းတွေလည်းရှိတော့ ကလေးတွေအတွက်လည်း ပိုအဆင်ပြေတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်ခင်ကလည်း ဒီပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို မိသားစုလိုက် မကြာခဏ အခုလို လာရောက်ဖြစ်ပါတယ်။ ဒီနေ့ကတော့ ဖွင့်ပွဲအပြီး ပထမဆုံး လာရောက်ဖြစ်တာပါ။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ကတော့ အခုလို အေးအေးချမ်းချမ်း လာရောက်အပန်းဖြေရတာကြိုက်တယ်။ အိမ်နဲ့လည်း သိပ်အလှမ်းမဝေးတော့ အဆင်ပြေပါတယ်။



အခုလို အေးအေးချမ်းချမ်း လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု ဒေါပုံမြို့နယ်အတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ မိသားစုအလိုက် လာရောက်အပန်းဖြေလည်ပတ်သည့် ဒေါ်မိုးမြင့်လွင်က သူ့အမြင်ကို ပြောသည်။

ပြည်ထောင်စုတိုင်းရင်းကျေးရွာ (ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတားအနီး ပဲခူးမြစ်ကမ်းခြေတစ်လျှောက်တွင် တည်ရှိကာ ဧရိယာအကျယ်အဝန်းမှာ ၁၁၇ ဧကရှိသည်။ နိုင်ငံတော်မှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှုများကို အခြားတိုင်းရင်းသားများက တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ရိုးရာ၊ ဓလေ့ထုံးစံများကို လေ့လာသိရှိခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ပေါ်ကာ ထာဝရငြိမ်းချမ်းရေးအတွက် ရည်ရွယ်ချက်ဖြင့် အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**




# ဂိမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၃**

ဂိမှာန်နွေရာသီတေးသီချင်းများ ဖျော်ဖြေပွဲရဲ့ ပွဲစဉ်(၃)ကို မေ ၁၄ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် သန်းထွန်းလေး၊ တက္ကသိုလ်ကိုကိုဇော်၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဝေဝေသီ၊ မေဘရဏီခိုင်၊ နန်းစန္ဒီ၊ မေထူးကျော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်ခဲ့မှုကို မေ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် နေတန်ယာဟုတို့ အစ္စရေးနှင့် ပါလက်စတိုင်းအရေး ဆွေးနွေး

**ဝါရှင်တန် မေ ၁၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် လက်ရှိဖြစ်ပွားလျက်ရှိသော အစ္စရေး-ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ တယ်လီဖုန်းမှတစ်ဆင့် ယမန်နေ့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲပြီးနောက် သမ္မတဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် အစ္စရေး-ပါလက်စတိုင်းအရေး မကြာမီအဆုံးသတ်သွားရန် မျှော်လင့်ပါကြောင်းနှင့် ပဋိပက္ခ အဆုံးသတ်သွားရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ကြောင်း မီဒီယာသို့ ပြောကြားသည်။

ထို့ပြင် ဟားမက်စ်အကြမ်းဖက်အဖွဲ့အပါအဝင် အခြားသောစစ်သွေးကြွအဖွဲ့များက အစ္စရေးနိုင်ငံအား ဒုံးကျည်များဖြင့်ပစ်ခတ်မှုအပေါ် ရှုတ်ချပြီး အစ္စရေးနိုင်ငံအနေဖြင့် ၎င်း၏ ပြည်သူများအား ကာကွယ်ရန် တန်ပြန်တိုက်ခိုက်ခြင်းအပေါ် ထောက်ခံပါကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် အစ္စရေး-ပါလက်စတိုင်းနှစ်နိုင်ငံအရေးကိစ္စရပ်များကို စေ့စပ်ညှိနှိုင်းရာတွင် ယခင်ကအတိုင်း အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံများကဲ့သို့သော ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ သံတမန်နည်းလမ်းများအတိုင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဝန်ကြီးချုပ် နေတန်ယာဟုအား ပြောကြားသည်။

နှစ်နိုင်ငံအကြား ပဋိပက္ခများကို အဆုံးသတ်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရေးအတွက် မှန်ကန်သောလမ်းကြောင်းပေါ်ရောက်ရှိရန် အမေရိကန်အနေဖြင့် လိုလားလျက်ရှိပါကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၄၈ ဦး တွေ့ရှိ

**ဂျကာတာ မေ ၁၃**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၄၈ ဦး တွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၃၁၆၅၂ ဦးရှိလာပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၇၁၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ရောဂါသက်သာပြီး ဆေးရုံမှဆင်းသွားသူ ၄၂၀၁ ဦးရှိသဖြင့် ရောဂါမှသက်သာလာသူပေါင်း ၁၅၈၉၀၇၉ ဦးရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါသည်နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုသို့ ပျံ့နှံ့လျက်ရှိသည်။ လွန်ခဲ့သော တစ်ရက်အတွင်း ဂျကာတာမြို့တွင် ရောဂါကူးစက်ခံရသူ ၇၈၅ဦး၊ ရိုင်ပြည်နယ်တွင် ၅၁၃ ဦး၊ အလယ်ဂျာဗားပြည်နယ်တွင် ၄၈၀၊ အနောက်ဂျာဗားပြည်နယ်တွင် ၄၀၀ နှင့် အရှေ့ဂျာဗားပြည်နယ်တွင် ၁၄၈ ဦး စသည်ဖြင့် အသီးသီးတွေ့ရှိခဲ့သည်။

မြောက်ကာလီမန်တန်၊ တောင်ဆူလာဝေစီ၊ အနောက်ဆူလာဝေစီ၊ မာလကူနှင့် ပါပူဝါပြည်နယ်တို့၌ ရောဂါကူးစက်မှုအသစ် မတွေ့ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်လူငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို အတည်ပြု

**ဝါရှင်တန် မေ ၁၃**

အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်လူငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် အမေရိကန်အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့က အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မေ ၁၀ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။




အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ပြည်သူများအတွက် အဆိုပါကာကွယ်ဆေး ထိရောက်မှုရှိ၊ မရှိနှင့်ပတ်သက်၍ ပြည်သူ ၂၂၆၀ အား စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။

စစ်ဆေးမှု ရလဒ်များအရ အဆိုပါ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိပြီး ရောဂါကာကွယ်ရာတွင် ထိရောက်မှုရှိသည့်အတွက် အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အတွင်း၌ အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုလျက်ရှိသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အရွယ်ရောက်ပြီးသူများအတွက် ဘေးကင်းပြီး ထိရောက်မှုရှိကြောင်း ကာကွယ်ဆေးထုတ်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများက မတ် ၃၁ ရက်တွင် ကြေညာခဲ့သည်။

ထို့ပြင် အသက် ၁၁ နှစ်အောက် ကလေးငယ်များတွင် အဆိုပါ ကာကွယ်ဆေး ထိရောက်မှုရှိ၊ မရှိနှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်မှုများ ယခုပြုလုပ်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာလထက် နောက်မကျဘဲ ရလဒ်များ ထွက်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီ တာဝန်ရှိသူများက ဆိုသည်။

အလားတူ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် အသက် ၁၇ နှစ်အောက်လူငယ်များတွင် ရောဂါခုခံနိုင်စွမ်း ရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် -အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုမ္ပဏီ၌ ဝန်ထမ်း ၅၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**နယူးဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Bharat Biotech ကုမ္ပဏီတွင် ဝန်ထမ်း ၅၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ကုမ္ပဏီ၏ အဆင့်မြင့်အမှုဆောင်အရာရှိ တစ်ဦးက ယနေ့ပြောကြားသည်။

ကုမ္ပဏီဝန်ထမ်း ၅၀ တို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသောကြောင့် လတ်တလောအချိန်တွင် အလုပ်မဆင်းဘဲ အနားယူခဲ့ကြကြောင်း သိရသည်။ သို့သော် ကုမ္ပဏီသည် အစိုးရ၏ အသွားအလာကန့်သတ်မှုအောက်တွင် ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဆူချီထရာအယ်လာက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံ၏ တောင်ဘက် တယ်လန်ဂါနာပြည်နယ် ဟိုက်ဒရာဘတ်မြို့ အခြေစိုက် Bharat Biotech ဆေးဝါးကုမ္ပဏီသည် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်သည့် ဆေးဝါးကုမ္ပဏီနှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်သည့် ကာကွယ်ဆေးနှစ်မျိုးမှာ Covaxin နှင့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အတွက် ဒေလီ၊ ရာဂျာ့စ်တန်နှင့် မဟာရာ့ရှ်ထရာပြည်နယ်များအပါအဝင် နိုင်ငံအတွင်း ဒေသအတော်များများရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့် စင်တာများကို ယနေ့ပိတ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျော်တီ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၂၀ ထပ်မံသေဆုံး

**နယူးဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၁၂၀ ထပ်မံသေဆုံးရာ အဆိုပါရောဂါကြောင့် နိုင်ငံအတွင်း၌ သေဆုံးသူပေါင်း ၂၅၈၃၁၇ ဦးအထိရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အလားတူ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆၂၇၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိရာ ရောဂါကူးစက်ခံရသူပေါင်း ၂၃၇၀၃၆၆၅ ဦးအထိ ရှိလာပြီဖြစ်သည်။

လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည် သက်သာလာသူပေါင်း ၁၉၇၃၄၈၂၃ ဦး ရှိကြောင်း သိရသည်။

သို့သော် ပိုးတွေ့လူနာ ၃၇၁၀၅၂၅ ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှု နေ့စဉ်မြင့်တက်လျက်ရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ဗဟိုအစိုးရက ခရီးသွားလာမှုကန့်သတ်ချက်များ ချမှတ်ထားသည်။ ပြည်နယ်အချို့၌ ခရီးသွားလာမှု ကန့်သတ်ချက်များအပြင် ညမထွက်ရအမိန့်ကိုပါ ချမှတ်ထားကြောင်း သိရသည်။

နယူးဒေလီမြို့၌ မေ ၁၇ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်ပျံ့နှံ့လျက်ရှိရာ အခြေခံပညာကျောင်း စာမေးပွဲကျင်းပမည့် ရက်ကိုလည်း ရွှေ့ဆိုင်းခဲ့သည်။

ဇန်နဝါရီလတွင် နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် ၁၀၀၀၀ အောက်ရှိရာမှ မေလအတွင်း၌ ကူးစက်မှုအရေအတွက်မှာ သိသိသာသာ မြင့်တက်လာသည်။

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၁၇၇ သန်းကျော် (၁၇၇၂၁၄၂၅၆ ဦး)အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

ဗဟိုအစိုးရက ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ရောဂါစစ်ဆေးမှုများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၃၀၉ သန်းအား ရောဂါ ရှိ၊မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။



**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၃**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၅ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၅၈၀၇၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုရောဂါကူးစက်ခံရသူ ၄၈၅၅ ဦးအနက် သုံးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၄၈၅၂ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နောဟီရှန်အဗ္ဗဒူလာက ပြောကြား သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၈၈ ဦးရှိကြောင်း သိရသည်။ ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းသွားသောလူနာ ၄၁၄၇၀၇ ဦးရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၄၁၅၈၂ ဦးအနက် ၄၈၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၁၁၈၈၁၅၆ | ဦး |
| သေဆုံးသူ | ၃၃၄၇၇၉၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၉၀၁၇၃၆၇ | ဦး |

# ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၆ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် မေ ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၁၄၁ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခု ထပ်မံကူးစက်ခံရသူများတွင် ပြည်တွင်း၌ ကူးစက်ခံရသူ ၄၃၁ ဦးရှိပြီး ပြည်ပမှ ရောဂါကူးစက်လာသူ ၁၅ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၉၅၁၉ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၂ ဦးရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ရက်မှစတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းစတင်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်နိုင်ရန်အတွက် ကျောင်းများ၊ အားကစားလေ့ကျင့်ရေး ရုံများ၊ ပြခန်းများ၊ ရုပ်ရှင်ရုံများနှင့် ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းများကို ပိတ်ထားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားသောဒေသများတွင် အသွားအလာကန့်သတ်မှုများ ချမှတ်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး မေ ၁၂ ရက်အထိ နိုင်ငံသား ၁ ဒသမ ၉၄ သန်းအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းအကျဉ်းထောင်၌ ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုဖြစ်ပွားခဲ့ပြီးနောက် နေ့စဉ်ရောဂါကူးစက်မှု စံချိန်တင်

**ဗန်ကောက် မေ ၁၃**

ထိုင်းနိုင်ငံရှိ အကျဉ်းထောင်များ၌ ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်မှု ယနေ့တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈၈၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၂၈၃၅ ဦးသည် မြို့တော်ဗန်ကောက်ရှိ အကျဉ်းထောင်များတွင် ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး ၂၀၃၆ ဦးသည် အကျဉ်းထောင်များ၏ အပြင်ဘက် ပြည်တွင်း၌ကူးစက်ခံရခြင်းဖြစ်ကာ ကျန် ၁၆ ဦးသည် ပြည်ပနိုင်ငံများမှ ပြန်လာသူများဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ပဲန်ဆွမ်လတ်ဆီသီချိုင်းက ကိုဗစ်-၁၉ ရောဂါ အခြေအနေစီမံခန့်ခွဲရေးစင်တာ၌ ပြုလုပ်သော နေ့စဉ်သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ထိုင်းနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၈၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိအချိန်ထိ ထိုရောဂါ ကူးစက်ခံရသူပေါင်း ၉၃၇၉၄ ဦးရှိလာပြီး မြို့တော်ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်း စတင်ဖြစ်ပွားခဲ့ချိန် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှုန်းနှင့် နှိုင်းယှဉ်ပါက သုံးဆခန့် မြင့်တက်လာကြောင်း သိရသည်။



ထို့အတူ ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၃၂ ဦး ထပ်မံသေဆုံးသဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၅၁၈ ဦးရှိလာသည်။ ထို့အပြင် လတ်တလော အချိန်တွင် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၃၂၆၆၁ ဦးရှိပြီး ယင်းတို့အနက် လူနာ ၁၂၀၉ ဦးသည် အရေးပေါ်အခြေအနေတွင်ရှိကြကြောင်း သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ထိုင်းဗဟိုဘဏ်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အရှိန်မြှင့်လုပ်ဆောင်ခြင်းသည် လက်ရှိ နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးဆုံးကိစ္စတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

မေ ၁၂ ရက်အထိ ရရှိသည့်အချက်အလက်များအရ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၀၄ သန်းခန့် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၏ လူဦးရေ တစ်ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး နိုင်ငံ၏ လူဦးရေ နှစ်ရာခိုင်နှုန်းခန့်သည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြောင်း ပဲန်ဆွမ်က ပြောကြားသည်။

ထိုင်းအစိုးရသည် နိုင်ငံ၏လူဦးရေ သန်း ၇၀ နီးပါးရှိသည့်အနက် လူဦးရေ ၇၀ ရာခိုင်နှုန်းကို ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန်စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

## ဂျပန်သတင်းထောက် Mr. Yuki Kitazumi အား မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးကိုရှေးရှု၍ အမှုပိတ်သိမ်းပြန်လည်စေလွှတ်မည်

**နေပြည်တော် မေ ၁၃**
ဂျပန်သတင်းထောက် Mr. Yuki Kitazumi သည် CDM လှုပ်ရှားမှုနှင့် ဆူပူဆန္ဒပြမှုများအား ဆက်လက်ပြုလုပ်နိုင်ရန် ထောက်ပံ့ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၁၈-၄-၂၀၂၁ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် လည်းကောင်း၊ ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် လည်းကောင်း တရားစွဲဆိုအမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ဂျပန်သတင်းထောက် Mr. Yuki Kitazumi သည် ဥပဒေချိုးဖောက်ထားသူဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ယခုအချိန်အထိ ရင်းနှီးသောဆက်ဆံမှုနှင့် အနာဂတ်ဆက်ဆံရေးကို ရှေးရှုလျက် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်ကို အလေးထားပြီး ၎င်းအား စွဲဆိုထားသောအမှုများကို ရုပ်သိမ်း၍ ပြန်လည်စေလွှတ်ပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပျော်ဘွယ်မြို့နယ် ခဲလန်းချင်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၃**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် လှိုင်းပန်းကျေးရွာအုပ်စု ခဲလန်းချင်းကျေးရွာရှိ အိမ်ရှင် ဦးချစ်မြိုင်၏ နေအိမ်၌ မေ ၁၂ ရက် နံနက်ပိုင်းတွင် မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် အနီးရှိ အကာထရံအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားရာ ပေပင်လေး အမြန်လမ်း နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြသည်။



မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ရှင် ဦးချစ်မြိုင်ကို ပျော်ဘွယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**




## CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု၊ ဆန္ဒပြဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**
ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများ၊ ဆန္ဒပြဝါဒဖြန့်မှုများ၊ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။


တရားခံ မျိုးမင်းဦး

ထိုသို့ CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု၊ ဆန္ဒပြဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် အဓိကပါဝင်ဆောင်ရွက်နေသူဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဗျောတော ဝရပ်ကွက် အောင်ခေမာလမ်းနေ မျိုးမင်းဦး (ဘ) ဦးသန်းမြင့် (ထားဝယ်နည်းပညာ တက္ကသိုလ် စတုတ္ထနှစ်)အား မေ ၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ညောင်ရမ်းတောင်ရပ်ကွက်ရှိ ဇမ္ဗူသီရိနာရေးကူညီမှုအသင်းရုံး၌ ဖမ်းဆီးထိန်းသိမ်းရမိခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/၅၀၅(ဂ) အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကြမ်းဖက်မှုများတွင် ပါဝင်ပြီး ဆူပူအကြမ်းဖက်သူများအား ငွေကြေးနှင့် ဆေးဝါးများထောက်ပံ့ပေးသူဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်သစ္စာရပ်ကွက်နေ ကလေးခရိုင် NLD ပါတီကော်မတီဝင် ဦးသန့်ဇင်လင်း (ဘ)ဦးကံရွှန်းအား ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် ၎င်းပိုင်ဆိုင်သည့် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ United စက်သုံးဆီအရောင်းဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မေ ၁၅ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အသံဩဇာကောင်းသော ကျော်ကြီးသည် မိမိ၏အသံကို အများပြည်သူလူထုအတွက် အကျိုးရှိရှိ အသုံးချနိုင်ခဲ့ပုံ အကြောင်းကို တင်ဆက်ထားသည့် "အအော်ကောင်း" မျက်နှာဖုံးကာတွန်း၊ ငှက်ချစ်သူများနှင့် ငှက်များကိုလေ့လာလိုသူများအနေဖြင့် ငှက်မျိုးစိတ်များစုံလင်စွာရှိသော မိုးယွန်းကြီးအင်းသို့ လေ့လာရေးခရီးသွားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "မိုးယွန်းကြီးအင်း" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ကာတွန်းလက်ရာများကိုတင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ လူတစ်ယောက် ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်းသည် မိမိဦးနှောက်ကို ဘယ်လိုအသုံးချသည်ဆိုသော အချက်ပေါ်တွင် မူတည်နေကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိဘအလုပ်ကို ဝိုင်းကူလုပ်ခြင်းမျိုးသာရှိသင့်ပြီး ကလေးအလုပ်သမားအနေဖြင့် မရှိသင့်ကြောင်း တင်ဆက်ထားသည့် "ပန်းတို့ပွင့်စေလန်းပါစေ" ဝတ္ထုကဏ္ဍ၊ တန်ဖိုးရှိသော ဆင်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "အဖိုးတန်ဆင်" သုတဆောင်းပါးကဏ္ဍ၊ အပါအဝင်ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**






# မေ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၀၁၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၉၇,၃၇၈)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၃,၀၀၄)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၃,၂၁၂)ဦးရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၈၉၄၆၆ | ၂၆၆၂၀၆၈၉ | ၅၉၇၈၄၃ |
| ၂။ | အိန္ဒိယ | ၂၃၇၈၇၁၄၉ | ၁၉၈၁၀၃၉၆ | ၂၅၉၃၈၂ |
| ၃။ | ဘရာဇီး | ၁၅၃၆၁၆၈၆ | ၁၃၉၂၄၂၁၇ | ၄၂၈၂၅၆ |
| ၄။ | ပြင်သစ် | ၅၈၂၁၆၆၈ | ၄၉၆၀၀၉၇ | ၁၀၇၁၁၉ |
| ၅။ | တူရကီ | ၅၀၇၂၄၆၂ | ၄၈၀၁၂၉၁ | ၄၃၈၂၁ |
| ၆။ | ရုရှား | ၄၉၁၃၄၁၉ | ၄၅၂၇၈၇၈ | ၁၁၄၇၂၃ |
| ၇။ | ဗြိတိန် | ၄၄၄၁၉၇၅ | ၄၂၅၆၁၀၃ | ၁၂၇၆၄၀ |
| ၈။ | အီတလီ | ၄၁၃၁၀၇၈ | ၃၆၅၅၁၁၂ | ၁၂၃၅၄၄ |
| ၉။ | စပိန် | ၃၅၉၂၇၅၁ | ၃၂၉၁၁၅၆ | ၇၉၂၀၈ |
| ၁၀။ | ဂျာမနီ | ၃၅၆၉၂၄၉ | ၃၂၄၀၃၀၀ | ၈၆၁၈၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၃၁၆၅၂ | ၁၅၈၉၀၇၉ | ၄၇၇၁၆ |
| ၂။ | ဖိလစ်ပိုင် | ၁၁၂၄၇၂၄ | ၁၀၅၀၆၄၃ | ၁၈၈၂၁ |
| ၃။ | မလေးရှား | ၄၅၈၀၇၇ | ၄၁၄၇၀၇ | ၁၇၈၈ |
| ၄။ | မြန်မာ | ၁၄၃၀၀၄ | ၁၃၂၀၆၉ | ၃၂၁၂ |
| ၅။ | ထိုင်း | ၉၃၇၉၄ | ၅၉၀၄၃ | ၅၁၈ |
| ၆။ | စင်ကာပူ | ၆၁၄၅၁ | ၆၁၀၀၆ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၁၀၄၁ | ၉၅၁၉ | ၁၄၂ |
| ၈။ | ဗီယက်နမ် | ၃၇၁၀ | ၂၆၅၇ | ၃၅ |
| ၉။ | လာအို | ၁၄၈၂ | ၄၃၁ | ၁ |
| ၁၀။ | ဘရူနိုင်း | ၂၃၁ | ၂၂၀ | ၃ |

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်း တစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်(၃)

ကိုရိုနာဗိုင်းရပ်စ်(COVID–19)ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ(၁၅၆.၇)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂)သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက် ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ် ရောဂါမိမိကစ၍ ကာကွယ်ပါ"** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# ကိုဗစ်-၁၉ ကြောင့် ရပ်နားထားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပမည်

**တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို ကိုဗစ်–၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်ရပ်နားထားခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး

**မေး။ ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတွေကို ပြန်လည်ကျင်းပသွားမယ်လို့ သိရပါတယ်။ ဘယ်လိုတွေလေ့ကျင့်ပြီး ဘယ်လိုကျင်းပသွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားချိန်ကစပြီး ကျင်းပနိုင်ခြင်းမရှိပါဘူး။ အခုအခါမှာတော့ နိုင်ငံတော်အကြီးအကဲက ပြည်နယ်နဲ့တိုင်းဒေသကြီး အပါအဝင် အားကစားပြိုင်ပွဲတွေကို ပြန်လည်ကျင်းပဖို့အတွက် လမ်းညွှန်ချက်တွေပေးပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ညွှန်ကြားရေးမှူးချုပ်တွေရဲ့ လမ်းညွှန်မှုတွေကို အဆင့်ဆင့်ခံယူပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲတွေ ကျင်းပရေးအတွက် ပြင်ဆင်လျက်ရှိပါတယ်။ ပထမငါးလတစ်ဖြတ်၊ နောက်တစ်ခါ ခြောက်လတစ်ဖြတ် အဲဒီလို အားကစားပြက္ခဒိန်တွေ ရေးဆွဲပြီး ပြင်ဆင်နေပါတယ်။

**U–21 ပြိုင်ပွဲ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး ဘောလုံးအားကစားပြိုင်ပွဲတွေကို ကျင်းပဖို့ ပြင်ဆင်နေပါတယ်။ အသက်အရွယ်အားဖြင့်ဆိုရင် U–21 ပြိုင်ပွဲကို ဇွန်လ ၂၄ ရက်မှ ဇူလိုင် ၈ ရက်အထိ ကျင်းပဖို့ စီစဉ်ထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် U–25 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၁၁ ရက်အထိ နေပြည်တော်မှာ ကျင်းပဖို့ ပြင်ဆင်ထားရှိပါတယ်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမယ်။ ပြိုင်ပွဲကျင်းပမယ့် ကိစ္စရပ်တွေကို ဒိုင်လူကြီးတွေကိုလည်း အကူအညီပေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းဥပဒေတွေကိုလည်း သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက အားကစားနှင့်ကာယပညာဦးစီးဌာနအနေနဲ့ အချိန်မီပေးပို့ထားပြီးဖြစ်လို့ ဒီစည်းမျဉ်းစည်းကမ်းအတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ချီးမြှင့်မယ့်ဆုကြေးတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ယခင်နှစ်တွေကတော့ ဆုကြေးက ၁၅ သိန်း၊ ၁၀ သိန်း၊ ခုနစ်သိန်း ဒီလောက်ပဲ ပေးလာခဲ့ပါတယ်။ ဒီနှစ်မှာတော့ အားကစားသမားတွေလည်း ပိုပြီး စိတ်ပါဝင်စားအောင် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းအားဖြင့် သူတို့အင်တိုက်အားတိုက် ယှဉ်ပြိုင်စေလိုတဲ့အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနက ပံ့ပိုးကူညီပေးတာပါ။ ဒုတိယဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ ပထမဆုကို သိန်း ၂၀၊ ဒုတိယဆုကို ၁၅ သိန်း၊ တတိယဆုကို ၁၀ သိန်း၊ စတုတ္ထဆုကို ခုနစ်သိန်း သတ်မှတ်ထားပါတယ်။ ဘယ်တုန်းကမှ အဲဒီလောက်မပေးခဲ့ဖူးပါဘူး။

**ပြည်ထောင်စုဖလားပြိုင်ပွဲ**

ပြည်နယ်နဲ့ တိုင်းဒေသကြီး ပြိုင်ပွဲဆိုတာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စုဖလားပြိုင်ပွဲပါ။ ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပါမယ်။ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုး၊ အကောင်းဆုံးကစားသမား ဒါမျိုးတွေကိုလည်း တစ်နေရာတိုင်းမှာ နှစ်သိန်းနှုန်း ချီးမြှင့်ဖို့လည်း စီစဉ်ထားပြီးဖြစ်ပါတယ်။ နောက်ပြီး ပြိုင်ပွဲတွေမှာ Molten (G–3600) Size 5 ဘောလုံးအမျိုးအစားတွေကို အသုံးပြုမယ်ဆိုတာကို သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အခြားအားကစားပြိုင်ပွဲတွေ ကျင်းပဖို့ အစီအစဉ်ရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ဩဂုတ်လမှ စက်တင်ဘာလအတွင်းမှာ ပြိုင်ပွဲ သုံးပွဲ ကျင်းပပေးမှာ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်းမှာ ပြည်နယ်နဲ့တိုင်းဒေသကြီး အလေးမပြိုင်ပွဲ၊ စက်တင်ဘာလအတွင်းမှာ ဝူရှူးနဲ့ ဖူဆယ်ပြိုင်ပွဲတွေကို ဆက်လက်ကျင်းပသွားဖို့ ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ကျင်းပမယ့်နေ့ရက်၊ အချိန်တွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲတွေကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ အားကစားနည်း ၂၆ နည်း၊ ပြိုင်ပွဲပေါင်း ၂၉ ပွဲကို နေပြည်တော်မှာ ၂၄ ပွဲ၊ ရန်ကုန်မြို့မှာ ငါးပွဲ ကျင်းပဖို့ အားကစားပြက္ခဒိန်ကို လျာထားရေးဆွဲပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တွေနဲ့လည်း ညှိနှိုင်းလျာထား ဆောင်ရွက်ထားပါတယ်။

**ရည်ရွယ်ချက်**

ဒီပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လက်ခံကျင်းပချင်လို့ အဆိုပြုလာတဲ့ နေရာတွေမှာလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ် စသည်ဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လှည့်လည်ကျင်းပခြင်းအားဖြင့် အပန်းဖြေနိုင်မှု၊ ဘုရားဖူးနိုင်မှု၊ ယဉ်ကျေးမှုချင်းဖလှယ်နိုင်မှု စတဲ့ ဒေသတစ်ခုရဲ့ အခြေအနေတွေကို လေ့လာနိုင်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမတွေ စည်းစည်းလုံးလုံးနဲ့ နေရာဒေသအနှံ့ကို ရောက်ရှိမယ်၊ ဒေသရဲ့ ဗဟုသုတတွေလည်း ရရှိမှာဖြစ်ပါတယ်။ ဒီလို ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ လာရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲဝင်အသင်းတွေရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေးအတွက် စီစဉ်ထားရှိမှုကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကို လာရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲဝင်အသင်းတွေရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေးအတွက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ ဘတ်ဂျက်က ကျခံသုံးစွဲသွားမှာ ဖြစ်ပါတယ်။ တကယ်လို့ နေပြည်တော်မှာ အားကစားပြိုင်ပွဲတွေ ကျင်းပမယ်ဆိုရင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) မှာ အဆင့်မီမီ ရေ၊ မီး၊ အစားအသောက်ကအစ ကျွေးမွေးဖို့ ကျွန်တော်တို့ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအနေနဲ့ ပြိုင်ပွဲယှဉ်ပြိုင်ရာမှာ ထူးချွန်ပြီး အရည်အချင်းရှိတဲ့ အားကစားသမားတွေ စနစ်တကျ ရွေးချယ်ယှဉ်ပြိုင်ရေးနဲ့ ဒေသတွင်း အားကစားကဏ္ဍ ပြန်လည်ရှင်သန်ရေးအတွက် မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်ပေါင်းစုံ ဒီလိုပြိုင်ပွဲတွေအတွက် ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်မှာ ဒုတိယဝန်ကြီး ဦးစီးပြီး ကျင်းပတဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးမှာလည်း အပြည့်အစုံမှာကြားပြီးသားပါ။ ဆောင်ရွက်ပေးရမယ့် အခြေအနေတွေကိုလည်း ပြောထားပြီး ဖြစ်ပါတယ်။

**စခန်းသွင်းလေ့ကျင့်ပြီး**

တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘောလုံးပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ရာမှာ မြို့နယ်၊ ကျေးရွာပေါင်းစုံကနေ ရွေးဖို့ကြေညာတယ်၊ ပြီးရင် ခရိုင်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံက တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွက် ပြန်လည်ရွေးချယ်ပြီးတော့ လက်ရွေးစင်အဖြစ် စခန်းသွင်းလေ့ကျင့်ပြီးမှ ဒီကို လာရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ကျွန်တော် ဆိုလိုချင်တာက U–21 တို့၊ U–25 တို့ ဖြစ်တဲ့အတွက် သက်တမ်းအလိုက် ပြိုင်ပွဲတွေ ယှဉ်ပြိုင်တဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတွေအားလုံးကို ကျွန်တော်တို့ အစည်းအဝေးမှာ မှာကြားခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ သက်တမ်းအလိုက်ပြိုင်ပွဲတွေ ကျင်းပဖို့ ဆောင်ရွက်တဲ့အခါ အရေးကြီးတာက သက်တမ်းမှန်မှန်ကန်ကန်နဲ့ အသက်အထောက်အထား၊ မှတ်ပုံတင်၊ ကျောင်းဝင်ထောက်ခံချက် စသဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ပြီး မှန်မှန်ကန်ကန်တင်ပြဖို့နဲ့ ပြီးတော့ အသက်ကျော်လွန်တဲ့ သူတွေ မပါဖို့၊ အသက်ကို လိမ်ညာပြီး မကစားဖို့က အရေးကြီးပါတယ်။ ဒါတွေကိုလည်း စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

**စိစစ်ရွေးချယ်**

ပြိုင်ပွဲတွေအတွက် အုပ်ချုပ်သူနည်းပြတွေ စေလွှတ်တာဝန်ပေးတဲ့အခါမှာ တချို့ကျတော့ ဦးစီးဌာနကဖြစ်စေ၊ ဆပ်ကော်မတီကဖြစ်စေ ရှိတဲ့ လူတစ်ယောက်ထည့်လိုက်ပါဆိုတာရှိတယ်။ ဒီလိုမျိုး မဟုတ်ဘဲ တကယ်ကို အားကစားသမားကို နားလည်နိုင်တဲ့၊ ကူညီနိုင်တဲ့၊ ထောက်ပံ့နိုင်တဲ့သူ၊ အရည်အသွေးအရလည်း ထူးချွန်ထက်မြက်တဲ့ နည်းပြတွေကို စိစစ်ရွေးချယ်ပြီးတော့မှ တာဝန်ပေးဖို့ပါ။

ဒါမှလည်း ပြိုင်ပွဲရဲ့အဆင့်အတန်း မြင့်မားမှာဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားကစားပြိုင်ပွဲတွေ ယှဉ်ပြိုင်ဖို့နဲ့ နောက်လာမယ့် ၂၀၂၁–၂၀၂၂ ပြည်နယ်နဲ့ တိုင်းဒေသကြီး ပြိုင်ပွဲတွေ ကျင်းပရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာနကနေ ကြိုတင်စီမံဆောင်ရွက်ထားတဲ့ အားကစားပြက္ခဒိန် အခြေအနေတွေကို ရှင်းပြခြင်းဖြစ်ပါတယ်။

**မေး။ ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပရတဲ့ ရည်ရွယ်ချက်တွေများစွာ ရှိပါတယ်။ အဓိကအချက်ကို ထုတ်နုတ်ပြောရရင် နံပါတ်တစ်က ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနဲ့ ကျွန်တော်တို့ နိုင်ငံ့လက်ရွေးစင်အသင်းကို အထောက်အကူပြုစေမယ့် ဒေသအသီးသီးက ထူးချွန်ထက်မြက်တဲ့ ရွက်ပုန်းသီး လူငယ်မျိုးဆက်သစ် အားကစားသမားတွေ ရွေးချယ်ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။

နောက်တစ်ခုက တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ ချစ်ကြည်စည်းလုံးမှုရရှိပြီးတော့ ဒီမှာ တိုင်းရင်းသားတွေ စုစည်းကြမယ်၊ ယဉ်ကျေးမှုချင်း ဖလှယ်ဖို့၊ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆွေဖွဲ့မှုတွေ ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကျင်းပရင် ကျွန်တော်တို့ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမတွေဟာ နိုင်ငံထဲမှာရှိတဲ့ ရေမြေတောတောင် အလှရှုခင်းတွေနဲ့ သူတို့ရဲ့ ထုံးတမ်းယဉ်ကျေးမှုတွေကိုပါ လေ့လာခွင့်ရပြီးတော့ ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေပြီးတော့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုပြီး အကောင်အထည်ဖော်နိုင်မယ်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်**

ပြီးတော့ အားကစားသမားတွေ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကနေတစ်ဆင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး၊ တိုင်းပြည်ချစ်တဲ့ စိတ်ဓာတ်ရှိရေးနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲတွေက တစ်ဆင့် နိုင်ငံ့လက်ရွေးစင်အဆင့်အထိ ရွေးချယ်ခံရအောင် ကြိုးစားဆောင်ရွက်ပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ရအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စေရမယ်ဆိုတာတွေ ပါပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေပြီးတာနဲ့ ဝန်ကြီးဌာနပေါင်းစုံ၊ National Championship ဒီလို အဆင့်ဆင့်သွားတဲ့အတွက်ကြောင့်ပါ။ နောက်ဆုံး လက်ရွေးစင်ဖြစ်သွားပြီး နိုင်ငံတကာမှာ သွားပြိုင်တော့လည်း နေထိုင်စားသောက်မှုကအစ ပြိုင်ပွဲမှာ အလေ့အကျင့်ကောင်းတွေ အားလုံးကို ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲတွေကနေရရှိအောင် လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ အားကစားကို တစ်နိုင်ငံလုံးက အားပေးတယ်။ နိုင်ငံတော်အဆင့် အကြီးအကဲတွေ၊ ပြည်သူလူထု၊ အဖွဲ့အစည်းအသီးသီးကလည်း အားကစားကို အားပေးကြတယ်။ ဥပမာအားဖြင့် ပြောရရင် အခု ဘောလုံးပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ ဘောလုံးနိုင်တယ်ဆိုရင် တစ်နိုင်ငံလုံးက ပျော်ရွှင်ကြည်နူးမှုကို ခံစားရတယ်။ အားကစားအောင်နိုင်လို့ ရွှေတံဆိပ်ဆုရလို့ နိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းကို ဆိုတယ်။ အနိုင်ရတဲ့အခါ တကယ်ကို မျက်ရည်ကျတဲ့၊ ကြက်သီးမွေးညင်းထရတဲ့၊ ကျွန်တော်တို့ နိုင်ငံအလံကို တခြားနိုင်ငံကပါ အလေးပြုဂုဏ်ပြုရတာဖြစ်တဲ့အတွက် အားကစားကနေရတဲ့ အဖိုးမဖြတ်နိုင်တဲ့တန်ဖိုးလို့ ပြောချင်ပါတယ်။ ဒါကြောင့် အားကစားကို ပြည်သူတစ်ရပ်လုံး၊ ဌာနပေါင်းစုံ၊ အဖွဲ့အစည်း အသီးသီးကနေ အားပေးထောက်ပံ့ကူညီဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။

ကေတာ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဆေးရုံနှင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**
နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများဖြစ်ကြသော အထက(၈)၊ အထက(၄)၊ အထက(၁)၊ အထက(၂)နှင့် အထက(ခွဲ)ဗိုလ်မင်းရောင်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ အထက(ပြည်စံအောင်)နှင့် အထက(ကျောက်ချက်) တို့ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ(ခုတင် ၁၀၀) တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးသိုက်နှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအပ်နှံရေးစီစဉ်ထားရှိမှု၊ ကျောင်းသားနှင့် ဆရာ ဆရာမ အချိုး၊ စာသင်ခန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးစီမံထားရှိမှု၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းကျန်းမာရေးဆေးခန်းအခြေအနေ၊ စာသင်ခန်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ စာသင်ခုံနေရာချထားမှု၊ စာသင်ချိန် များစီစဉ်ထားမှု၊ သင်ထောက်ကူပစ္စည်းများ ဆောင်ရွက်ထားမှုအခြေအနေ၊ ကျောင်းကြို/ပို့ ယာဉ်ပြေးဆွဲမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အပူချိန်တိုင်းကိရိယာများ၊ လက်ဆေးဘေစင်နှင့် လက်ဆေးဆပ်ပြာများ၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်း (Mask)များ စီစဉ်ထားရှိမှု၊ သောက်သုံးရေရရှိနိုင် ရေးပြင်ဆင်ထားရှိမှု၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာ ဆရာမများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေများနှင့် ကျောင်းများတွင် လိုအပ်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရေး ရှင်းလင်းတင်ပြကြပြီး တပ်ကုန်းပြည်သူ့ဆေးရုံ (ခုတင် ၁၀၀) ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းနှင့် တာဝန်ရှိသူများက လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသား ကျောင်းသူများကို ပိုမိုယဉ်ကျေးလိမ္မာပြီး စံပြကျောင်းသား ကျောင်းသူများ ဖြစ်ပေါ်စေရေးနှင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီ၊ မီးသတ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ သက်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားပြီး ဆရာ ဆရာမများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးနှင့် လုံခြုံရေး လိုအပ်သော ဆေးရုံနှင့် ကျောင်းများကို ရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ကြီး၊ ညောင်ရွှေနှင့် ကလောမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး မေ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ ထပ်ဆင့်လွှင့် လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် စက်ရုံအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး၊ ကလောမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး လူထုအခြေပြုဗဟိုဌာန (Community Centre)၊ ပြည်သူ့စာကြည့်တိုက်၊ ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှု၊ ကလေးစာဖတ်ခန်း၊ ကွန်ပျူတာသင်တန်းခန်းနှင့် ရုံးခန်းများ၊ ရွှေ့လျားစာကြည့်တိုက် နှင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် သက်ဆိုင်ရာမြို့နယ်များ၏ လူထုအခြေပြုဗဟိုဌာနများတွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ဒုတိယဝန်ကြီးသည် ယမန်နေ့က ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး၌ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း၊ တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ၌ လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)တို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကဝမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကဝ မေ ၁၃**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ



တင်ဒါအောင်မြင်ခဲ့သည့် မြင့်မြတ်ဥမ္မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကဝမြို့နယ် သပြေကန်ကျေးရွာအုပ်စု သပြေကန်ကျေးရွာ ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် ကဝမြို့နယ် ပိုင်ကျုံကျေးရွာအုပ်စု ပိုင်ကျုံကျေးရွာတွင်းလမ်း ဂဝံခင်းခြင်း (အရှည် ပေ ၁၆၀၀၊ အကျယ် ၈ ပေ)လုပ်ငန်းအား ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးရွာ VDP ကော်မတီဝင်များ၊ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာရေသုံးစွဲမှု၊ ရေလိုအပ်ချက်၊ ရေရရှိရေး၊ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေ တင်ပြချက်များအပေါ် သုံးသပ်လမ်းညွှန်မှာကြားပေးခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်**


❐

# ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်မှ လမ်းဖောက်လုပ်ရေးအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် မေ ၁၃**
ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်သည် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် သမဝါယမနည်းလမ်းဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် ပေါက်တောမြို့ မြေငူကျွန်း သဲခုံး-ဂြင်းချောင်း ယာတောရွာချင်းဆက် မြေသားလမ်းကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ပြင်ဆင်တည်ဆောက်ရာတွင် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းပြီး လုပ်အားပေးဆောင်ရွက်ခြင်း၊ လမ်းတည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို လှူဒါန်းခြင်း၊ လုပ်အားပေးရာတွင် ပါဝင်ခဲ့သော လုပ်သားပြည်သူများကိုလည်း နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်



**နေပြည်တော် မေ ၁၃**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား ယမန်နေ့တွင် လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မင်းတပ်မြို့ အရှေ့ပြင် ရပ်ကွက်ရှိ မင်းတပ်မြို့မရဲစခန်းအား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့်လည်းကောင်း၊ ည ၇ နာရီခွဲတွင် စံပြရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၅၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် လည်းကောင်း၊ ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဘဏ်အား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၄၀ ခန့်က တူမီးသေနတ်များဖြင့်လည်းကောင်း ထပ်မံလာရောက်အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်းကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်းကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းလျက်ရှိရာ မေ ၁၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာနေ စံထူး(၄၂)နှစ်(ဘ) ဦးအေးမောင်ကို အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်နေ ဇော်ဇော်အောင် (၁၉)နှစ်(ဘ)ဦးတင်စိုးကို လက်လုပ်သေနတ်တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



မြိုင်မြို့နယ်၌ အမျိုးသား သုံးဦးအား လက်လုပ်သေနတ်တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထို့ပြင် ညနေ ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာနေ လွင်ပိုင်စိုး(ခ)ပန်းမော်(၂၁)နှစ် (ဘ) ဦးသောင်းကြည်သည် လက်လုပ်သေနတ်ကိုင်ဆောင်ကာ ကျေးရွာအတွင်း ဆူပူအော်ဟစ်နေကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လွင်ပိုင်စိုး(ခ)ပန်းမော်ကို ၎င်း၏နေအိမ်၌ လက်လုပ် ဂက်စ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်တရားရုံး၏ အမှုမှ တရားခံပြေးဖြစ်သူ ရေးမြို့နယ် ဟံဂံကျေးရွာနေ နိုင်ဟံသာ(ခ)ချစ်စိုး(ခ) အရွတ် (၅၆)နှစ်သည် ဝဲရတ်ကျေးရွာ၌ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ရေး သွားရောက်ခဲ့ရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ နေလင်းဦး(၁၇)နှစ် (ဘ)ဦးခိုင်တို့ နှစ်ဦးကို ဝဲရက်ကျေးရွာလမ်းပေါ်၌ 4K/8960 4 Wheel Tiger ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယာဉ်၏ နောက်ခန်းအတွင်းရှိ ဘေးလွယ်အိတ်အတွင်းမှ အမေရိကန်နိုင်ငံထုတ် 9 mm ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ 9 mmကျည် ၂၉ တောင့်နှင့် 91 လက်ပစ်ဗုံး ၁ လုံး(စနက်တံပါ)တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ည ၇ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၃)ရပ်ကွက် မြိုင်-ပခုက္ကူကားလမ်းပေါ်တွင် အဆိုပါရပ်ကွက်နေ ပိုင်ဦး(၃၀)နှစ် (ဘ)ဦးကောင်းပါ အမျိုးသား သုံးဦးစီးနင်းလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့ သုံးဦးထံမှ လက်လုပ်လေသေနတ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်(မ)ကျေးရွာနှင့် တူးချောင်းကျေးရွာကြား တိုးမြစ်ကမ်းဘေးရှိ ရေမြောင်းအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် ကယားပြည်နယ် ဖရူဆိုမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မော်ချီး-လွိုင်ကော်ကားလမ်းအတိုင်း လမ်းလျှောက်လာသော ခေါလေကျေးရွာနေ ကားရ်လို(ခ)ခေါလီ(ခ)နဲ့နယ်(၂၀)နှစ် (ဘ)ဦးမီကေးလယ်နှင့် ဘေဘူခေါကျေးရွာနေ လှမောင်(ခ)ကျော်လှမေ(၂၀)နှစ်(ဘ)ဦးအန်တောညို တို့ကို စစ်ဆေးရာ ကားရ်လို (ခ)ခေါလီ(ခ)နဲ့နယ် လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဒီတိုနေတာ ၁၅ ချောင်းနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်းကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်ရှိ "ပို့ပို့"အာမခံစိန်ရွှေရတနာဆိုင်အား ခြောက်လှန့်လုယက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ "ပို့ပို့" အာမခံစိန်ရွှေရတနာဆိုင်အား ခြောက်လှန့်လုယက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်း၊ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မေ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက်ရှိ "ပို့ပို့" အာမခံစိန်ရွှေရတနာဆိုင်အား အမျိုးသား သုံးဦး (စိစစ်ဆဲ)က အဖြူရောင်မော်တော်ယာဉ် တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းရှိ အရောင်းဝန်ထမ်းအမျိုးသမီး သုံးဦးကို ပစ္စတိုဟု ယူဆရသည့် သေနတ်ဖြင့်ချိန်ရွယ်ကာ ရေချိုးခန်းအတွင်းထည့်၍ ပိတ်လှောင်ထားခဲ့ပြီး အဆိုပါဆိုင်အတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၃၀ ကျပ်သားခန့်နှင့် ကောင်တာစားပွဲအတွင်းမှ ငွေကျပ်သိန်း ၄၀ တို့ကို လုယက်ယူဆောင်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများမှာ အခင်းဖြစ်စဉ်က YGN 7E-7071 Suzuki Swift အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း သိရသဖြင့် အလုံမြို့နယ် လွှတ်တော်ဝင်း ဂိတ်(၄)အနီး၌ ယာဉ်မောင်းဖြစ်သူ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ ရဲကျော်အောင်(၃၃)နှစ် (ဘ) ဦးအောင်ဆန်းကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိယာဉ်မောင်း၏ ထွက်ဆိုချက်အရ အခင်းဖြစ်ပွားသည့်နေ့တွင် မော်တော်ယာဉ်ကို သဃ်္ဃန်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက်နေ ဖြိုးဝေလင်း(ခ)ကိုဂျက် (၂၉)နှစ် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားသူ (ဘ)ဦးချစ်ဝေစိုးနှင့် ညီညီလွင်(ခ)အငယ်ကောင် (၂၄)နှစ် (ဘ)ဦးစန်းလွင်တို့ နှစ်ဦးက နံနက် ၁၀ နာရီခွဲမှ ညနေ ၆ နာရီခွဲထိ ငှားရမ်းအသုံးပြုခဲ့ကြောင်း ထပ်မံဖော်ထုတ်ရရှိခဲ့သည်။

ဖော်ထုတ်ရရှိချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက် အမှတ်(၉၄)နေ ညီညီလွင်(ခ)အငယ်ကောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနှင့်အတူ ဖြိုးဝေလင်း(ခ)ကိုဂျက်တို့ နှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး နေအိမ်အိပ်ခန်းအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာ ၂၇ ကျပ်သား ၁၁ ပဲ ၅ ရွေး၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၅၀ ၊ သေနတ်တိုက်တံ တစ်ချောင်းနှင့် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုသည့် လက်လုပ်ဗုံး တစ်လုံး၊ Handspeaker တစ်ခု၊ ဓာတ်ငွေ့ကာမျက်မှန် နှစ်လက်နှင့် အခြားဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုးဝေလင်း(ခ) ကိုဂျက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ တစ်ရပ်ကွက်တည်းနေ ထူးဝေအောင်(ခ) တင်ထူးအောင်(၂၉)နှစ် (ဘ) ဦးလှအောင်ပါ အမျိုးသားလေးဦးကို ဆူပူအကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များတွင် အသုံးပြုသည့် ဒီတိုနေတာ သုံးခု၊ ယူရီးယားဓာတ်မြေသြဇာ တစ်ပြည်ခန့်၊ စကားပြောစက် နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။





အမှုမှဖမ်းဆီးရမိသည့် တရားခံများနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ဖမ်းဆီးရမိသူများကို စစ်ဆေးဖော်ထုတ်ချက်အရ လုယက်မှုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် သဃ်္ဃန်းကျွန်းမြို့နယ်နေ မင်းကိုဦး(ခ)ဘိုဘို (၃၀)နှစ် (ဘ)ဦးထွန်းစန်းဦးပါ ပြစ်မှုကျူးလွန်သူ အမျိုးသားသုံးဦးတို့သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းတို့အား ဖမ်းဆီး ရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိထားသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးသူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

**အိအိချော (စားသုံးသူရေးရာဦးစီးဌာန)**

မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ မပါမဖြစ်ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် "ဆီရွှဲ ဖွဲတောင်ဟင်းဖြစ်" ဟု တင်စားရလောက်အောင် စားသုံးဆီကို နှစ်ခြိုက်စွာစားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင် ဖြစ်ပေရာ ခေတ်စနစ်များပြောင်းလဲလာပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီကိုရေလိုမချိုးနိုင်တော့ဘဲ ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းလာခဲ့ကြရပြီ ဖြစ်ပါသည်။

### အရည်အသွေးများ ကွဲပြား

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော်စားသုံးရာတွင် အဆိပ်အတောက်မဖြစ်ပေါ်စေဘဲ စားသုံးရန်သင့်လျော်သောဆီဖြစ်ပြီး အပင်ထွက်ဆီ (Vegetable Oil) နှင့် တိရစ္ဆာန်ထွက်ဆီ (Animal fat)ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။ အမှန်စင်စစ်အားဖြင့် စားသုံးဆီတို့သည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid)၊ မိုနို မပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid)၊ ပိုလီမပြည့်ဝ အဆီအက်စစ် (Poly Unsaturated Fatty Acid) တို့ အချိုးအဆအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသောကြောင့် စားသုံးဆီတို့၏ အရည်အသွေးများ ကွဲပြားနေရခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသောစားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနိုလာဆီတို့ကိုမူ အနည်းငယ်သာ အသုံးပြုကြရာ ယေဘုယျအားဖြင့် အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာမှုနှင့်အတူ ခေတ်နှင့်အညီပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုးအနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ စားသုံးဆီကို စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ နှစ်စဉ်လျော့နည်းသွားခြင်းမရှိဘဲ ယနေ့ကာလအထိ တန်ချိန်များ တိုးမြှင့်တင်သွင်းနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းလာသော အရည်အသွေးစစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ စစ်ဆေးမှုတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများလည်းရှိနေပေရာ အလွန်သတိပြုရမည့် အခြေအနေဖြစ်ပါသည်။ အဆိုပါတရားမဝင် ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များ (Trans Fatty Acid) နှင့် ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝ (ဥပမာ– အာဖလာတော့ဆင် မှိုဆိပ်) များ ပါရှိနေနိုင်ပါသည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့်အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့် ကုသရန်ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

စားသုံးဆီ တစ်ဂရမ် (1 gram) ကို စားပြီးတိုင်း အင်အားဓာတ်(စွမ်းအင်) ကိုးကယ်လိုရီ ( 9 kal/gm) ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသောအစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့် ပမာဏထက်ပို၍ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန်တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

စားသုံးဆီကို အလွန်အကျွံစားသုံးသောကြောင့် ဖြစ်ပေါ်စေနိုင်သည့် ရောဂါဆိုးများမှ ရှောင်ရှားနိုင်ရန်အလို့ငှာ အသက်အုပ်စုအလိုက် တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သော စားသုံးဆီပမာဏကို ကျန်းမာရေးဦးစီးဌာန(အာဟာရဌာနခွဲ)မှ အောက်ပါဇယားအတိုင်း လမ်းညွှန်မှုပြုထားသည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်–

| စဉ် | အသက်အုပ်စု | တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏ |
|---|---|---|
| (က) | ၁နှစ်မှ ၃နှစ် | ၁.၂၅ ကျပ်သား |
| (ခ) | ၄နှစ်မှ ၆နှစ် | ၁.၅၀ ကျပ်သား |
| (ဂ) | ၇နှစ်မှ ၉နှစ် | ၂.၀ ကျပ်သား |
| (ဃ) | ၁၀နှစ်မှ ၁၂နှစ် | ၂.၀ ကျပ်သား |
| (င) | ၁၃နှစ်မှ ၁၉နှစ် | ၃.၅၀ ကျပ်သား |
| (စ) | အမျိုးသား(လူကြီး) | ၂.၀ ကျပ်သား |
| (ဆ) | အမျိုးသမီး(လူကြီး) | ၁.၅၀ ကျပ်သား |
| (ဇ) | ကိုယ်ဝန်ဆောင် | ၂.၀ ကျပ်သား |
| (ဈ) | နို့တိုက်မိခင် | ၂.၀ ကျပ်သား |





ဖော်ပြပါ ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်မှုပြုထားသော စားသုံးဆီပမာဏနှင့်အညီ မိသားစုတိုင်းက တိကျစွာလိုက်နာသုံးစွဲခြင်းဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့်ကုန်ကျစရိတ် သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကိုရရှိနိုင်ခြင်း၊ မလိုအပ်ဘဲ ပိုလျှံစွာဝယ်ယူနေရသော စားသုံးဆီအတွက် ကုန်ကျစရိတ်ကို စုဆောင်းလာနိုင်ခြင်းတို့အပြင် အခြားလူမှုစီးပွားဘဝများကိုလည်း မြင့်မားလာစေနိုင်မည် ဖြစ်ပါသည်။

### စွမ်းအားပြည့်ဆောင်ရွက်လာနိုင်

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲလိုက်ခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများကင်းဝေးကာ မိမိတို့၏လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချွေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း တိုးချဲ့ဆောင်ရွက်လာနိုင်မည်လည်း ဖြစ်ပါသည်။

စားသုံးသူပြည်သူများ၏ ကျန်းမာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသည်ဖြစ်ပေရာ လူတိုင်းကိုယ်စီ စားသုံးဆီနှင့် ကျန်းမာရေးဆက်နွှယ်မှုကို ဂရုပြုကြခြင်းဖြင့် စားသုံးဆီကြောင့် ဖြစ်ပွားတတ်သော နာတာရှည်ရောဂါဝေဒနာများမှ ကင်းဝေးကြစေရန် အရည်အသွေးစစ်ဆေးပြီးသော စားသုံးဆီများကို ကျန်းမာရေးဦးစီးဌာနမှ လမ်းညွှန်ထားသောပမာဏနှင့်အညီ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး ။ ။ မိသားစုအာဟာရနှင့် မြန်မာ့အစားအစာ (၁၉၉၀၊ ဇန်နဝါရီလ) ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနခွဲ။**

**စားသုံးဆီ တစ်ဂရမ် (1 gram) ကို စားပြီးတိုင်း အင်အားဓာတ်(စွမ်းအင်) ကိုးကယ်လိုရီ ( 9 kal/gm) ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင် ဖြစ်သော်လည်း လိုအပ်သည့်ပမာဏထက်ပို၍ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန် တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်။**



## တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကော့သောင်း မေ ၁၃**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင်များသည် မေ ၁၂ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မလိဝမ်းကျေးရွာ ရွှေဖြူကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့်ရွှေဖြူရော်ဘာအလုပ်ရုံသို့ရောက်ရှိပြီး အရည်အသွေးမြင့်ရော်ဘာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများ၊ အစေးပြားမှိုင်းသွင်းခြင်းလုပ်ငန်း၊ မှိုင်းရုံအတွင်းမီးပေါင်းတင်မှုလုပ်ငန်းများ၊ ကုန်ချောထုပ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် TZK ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီမှ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မလိဝမ်းကျေးရွာ အပန်းဖြေအောင်သပြေသဘာဝရေပူစမ်းနှင့် သဘာဝရေတံခွန်သို့ရောက်ရှိရာ ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများ အနားယူအပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြို့သောက်သုံးရေပေးဝေဖြန့်ချိရေးစီမံကိန်းလုပ်ငန်းခွင်၌ ပင်မရေလှောင်တမံနှင့် ရေသန့်စင်စက်ရုံ၊ ရေစုကန် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မြို့တွင်းရေပိုက်လိုင်းများ တပ်ဆင်ရန်လုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အတွင်း အခက်အခဲများအား တာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မုဒုံမြို့နယ်ရှိ တစ်မြောင်းတစ်ဘောင်စနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအား ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် မေ ၁၃**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက မုဒုံမြို့နယ် ဝက်တဲကျေးရွာကွင်းအမှတ် (၈၄၅- ခ) ကျိုက်ပက်အရှေ့ကွင်းတွင် တစ်မြောင်းတစ်ဘောင်စနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဇော်နိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တစ်မြောင်းတစ်ဘောင်စနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ငါးမွေးမြူရေးလုပ်ငန်း၊ သီးနှံစိုက်ပျိုးရေးလုပ်ငန်းနှင့် ကြက်မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

တစ်မြောင်းတစ်ဘောင်စနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ ပြုလုပ်ရခြင်းမှာ လုပ်ကွက်ငယ်တောင်သူများ တစ်နှစ်ပတ်လုံးဝင်ငွေရရှိစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် လုပ်သားရှားပါးသည့် ပြဿနာဖြေရှင်းနိုင်ရန်၊ စိုက်ပျိုးမြေများကို မွေးမြူရေးစွန့်ပစ်မြေဩဇာဖြင့် ပြန်လည်ပြုပြင်နိုင်ရန်၊ ဒေသထွက်ဘေးထွက်ဆိုးကျိုးနည်းသော စားသောက်ကုန်များပေါ်များလာစေရန်နှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်လိုက်လျောညီထွေစေသော စိုက်ပျိုးမွေးမြူရေးစနစ် ထူထောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကတုံးပေါ်ကျေးရွာရှိ ပုဂ္ဂလိကပိုင် စက်သုံးဆီသိုလှောင်ရေးဆိပ်ကမ်းအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများရှိသကဲ့သို့ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်းရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများရှိသကဲ့သို့ အချို့သော ဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုမရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်–

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန်သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးမှ ထောက်ခံခြင်း၊

( ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့်အခြေအနေ ရှိ၊ မရှိ၊ ကိုယ်တိုင်ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်–

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာအရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

( ခ) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) သို့မဟုတ် ၅၀၅–က ဖြင့်တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကိုစိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



**နေပြည်တော် မေ ၁၃**
မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် မိတ္ထီလာခရိုင်ဘောလုံးအသင်းနှင့် မန္တလေးခရိုင်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မေ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ပြိုင်ပွဲဝင်အသင်းခုနစ်သင်းတို့က ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေလှောင်တမံရေဝေရေလဲနှင့် ဆည်ရေသောက်ဧရိယာတို့၌ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးအတွက် မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့

**နေပြည်တော် မေ ၁၃**
လယ်ဝေးမြို့နယ် ချောင်းမငယ်ဆည်ရေသောက်ဧရိယာရှိ ကျေးရွာများတွင် သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် သီးနှံသစ်တောရောနှောစိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၁ ရက် မွန်းလွဲပိုင်းက ပန်းညိုစမ်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်နှင့် ဦးဝင်းဦး၊ တာဝန်ရှိသူများ၊ ကျေးရွာခုနစ်ရွာမှ တောင်သူများ တက်ရောက်ကြပြီး နှမ်း ဧက ၁၀၀၊ စပါး ဧက ၁၀၀ နှင့် မြေပဲ ၂၅ ဧကစာအတွက် မျိုးစေ့များနှင့် သရက်ပျိုးပင်၊ ပိန္နဲပျိုးပင်နှင့် ငှက်ပျောပျိုးပင်များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

နေပြည်တော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ချောင်းမငယ်ဆည် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးထုတ်လုပ်မှုစနစ် ထွန်းကားလာစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ချောင်းမငယ်ဆည်ပတ်ဝန်းကျင်၌ သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း၊ ဒေသနေတောင်သူများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာရေးကို မျှော်မှန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

ဆည်ရေသောက်ဒေသများတွင် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်စေရေးနှင့် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် အသိပညာပေးခြင်း၊ ရေသုံးစွဲသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်း၍ တောင်သူများကိုယ်တိုင် စိုက်ပျိုးရေသုံးစွဲမှုစီမံခန့်ခွဲနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သီးနှံပုံစံမှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ မြေဆီလွှာ ဖွံ့ဖြိုးရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ အသုံးပြုရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနများ၊ ဒေသနေတောင်သူများနှင့်ပူးပေါင်း၍ ရေရှည်ဖွံ့ဖြိုးသည့် စိုက်ပျိုးထုတ်လုပ်မှုစနစ် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ သောက်သုံးရေပေးဝေနေမှုများ ဆောင်ရွက်

**နေပြည်တော် မေ ၁၃**
ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေများလိုအပ်လျက်ရှိသော သာသနိကကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာ၌ မေ ၁၂ ရက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်ဘောနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ပင်ဘောကျေးရွာစည်ပင်သာယာဈေးရှိ အများသုံးရေကန်သို့ သောက်သုံးရေဂါလန် ၂၄၀၀ ခန့်၊ မိုးညှင်းမြို့နယ် ဟိုပင်နယ်မြေ မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးသိန်းကျော်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် “စေတီယပါလ” ကျောင်းတိုက်အတွင်းရှိ နဂါးရုံဘုရားရေကန်သို့ ရေဂါလန် ၃၂၀၀ ခန့်၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ကြပ်ကြီး ကျော်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သဖန်းကျေးရွာ သစ္စာပြုတောင်ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်နှင့် တောင်ပုလုကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့် စုစုပေါင်း သောက်သုံးရေ ၃၂၀၀ ခန့်ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ဆီဆိုင် မေ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မေ ၁၂ ရက် နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဝင်များနှင့် မြို့နယ်ပညာရေးမှူး ဦးစိုးသစ်၊ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံဆွေးနွေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့် ဒုတိယရဲမှူးကြီး နေဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးစိုးသစ်တို့က ပညာရေးသည် ရပ်တန့်၍မရကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အဆင်ပြေလုံခြုံချောမွေ့စွာ ဖွင့်လှစ်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ဆောင်ရွက်ရမည့်အစီအမံများ၊ လုံခြုံစွာပညာသင်ကြားနိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ပြန်/ဆက်)**



## လှိုင်းဘွဲ့မြို့နယ်၌ မိုးလုံလေလုံအားကစားရုံ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**လှိုင်းဘွဲ့ မေ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနကဆောင်ရွက်သည့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ် ၂၉၇ ဒသမ ၆ သန်းဖြင့် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို မြသီတာအောင်စိုးစိုး ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ကျောင်းကုန်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များက ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြစေရန် ရည်ရွယ် ၍ ယနေ့နံနက် ၈ နာရီတွင် အမှတ်(၂) ရပ်ကွက် ဆေးရုံလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံ မြို့မဈေးတို့တွင် ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းဖြန့်ဝေပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များစသည့် ပူးပေါင်းအဖွဲ့က ပြည်သူများ အပြင်ထွက်လျှင် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြစေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ဝင်းကြိုင်
(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေထုတ်ချေး

**ဝန်းသို မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဂျိုးတောင်အုပ်စု ရွာမကျေးရွာ၌ ဆဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက မြစိမ်းရောင်ဘက်စုံသုံးခန်းမတွင် ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် တောင်သူ ၁၄ ဦးတို့အား ငွေကျပ် ၆၃၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ၈၄ ဦးတို့အား ငွေကျပ် ၄၃၃၀၀၀၀၀၊ အသေးစားအရောင်းအဝယ်လုပ်ငန်းအတွက် အသင်းဝင်တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀၀ ပြန်လည်ထုတ်ချေးပေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၃၅ ရွာတွင် ယူနစ်ပေါင်း ၂၁ ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်**

## ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်

**မြဝတီ မေ ၁၃**

အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ကရင်ပြည်နယ် မြဝတီမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

မြဝတီမြို့နယ်အတွင်းရှိ အဘိုး အဘွား ၂၈၅ ဦးအတွက် လူမှုရေးပင်စင်အဖြစ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) သုံးလစာအတွက် တစ်ဦးလျှင် ငွေ ကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၇၄၀၀၀၀ ကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

## ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်များအား အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမှုများပြား

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူ ကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းပိတ်ထားစဉ်ကာလအတွင်း မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမှုများပြားလာကြောင်း ဆင်စခန်းတာဝန်ခံ (လက်ထောက်မန်နေဂျာ) ဦးမျိုးမင်းကိုထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာဆင်စခန်းအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်တွင် ယာယီပိတ်ထားခဲ့ရာ မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမွေး လှူဒါန်းလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် ဆင်စခန်းပိတ်ထားသည့်ကာလအတွင်း ဆင်စာဘူဖေးကျွေးသူများပြားလာကာ ၁၇၅ ကြိမ်ကျော်ထိ ရှိလာပြီး နောက်ထပ်ကျွေးမွေးရန် ကြိုတင်ချိတ်ဆက်မှုများလည်း ရှိနေသေးကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုထံမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုဖွင့်လှစ်ထားပြီး ဆင်စာဘူဖေးကျွေးမွေး လှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေဗီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများကို အဓိကကျွေးကြကာ ရာသီပေါ်သီးနှံများကို ကျွေးမွေးကြပြီး ဆင်စာဘူဖေးတစ်ခါကျွေးလျှင် ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ ထိ လှူဒါန်းကြပြီး တစ်နေ့စာဆင်ခုနစ်ကောင်အတွက် ကျပ် ၁၀၀၀၀၀ လှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပိတ်ထားစဉ်ကာလအတွင်း ဖုန်းဖြင့်ဖြစ်စေ၊ ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပလင်းကမ်းသာယာဆင်းစခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုဖုန်း ၇၉၃၈၂၀၅၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြို့အခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဖွင့်လှစ်သည့်ဆင်စခန်းများ ကိုဗစ်-၁၉ ရောဂါကာလ ဆင်စာခက်ခဲလျက်ရှိကာ တောတောင်ရေမြေ သဘာဝအခြေခံဖွင့်လှစ်ထားသည့် ဆင်စခန်းများရှိ ဆင်များအတွက် အစာရေစာမခက်ခဲကြောင်းလည်း ပလင်းကမ်းသာယာ ဆင်စခန်းမှ သစ်အုပ်ကြီး ဒေါ်နိုင်းနိုင်းရောက ပြောကြားသည်။


**ကိုထိန်**



# ရေငုပ်သင်္ဘောအတန်းအစားအလိုက် ငုပ်နိုင်သည့်ရေအနက်နှင့် ဖိအားဒဏ်ခံကိုယ်ထည်များ

သန်းဇော်

ပုံ(၁) – ရေငုပ်သင်္ဘော ဖိအားဒဏ်ခံကိုယ်ထည်၏ ပုံပျက်ပျက်စီးမှု သဘောသဘာဝများနှင့် ပျက်စီးမှုကြောင့် ကိုယ်ထည်ဖွဲ့စည်းတည်ဆောက်ပုံအပေါ် သက်ရောက်မှုများ




(ယမန်နေ့မှအဆက်)

**ရေအောက်တွင် ပေါက်ကွဲမှုကြောင့် သက်ရောက်သောဝန်အားများ**

ငင်းသည် ရေအောက်တွင် ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ဝန်အားများကို ခံနိုင်ရည်ရှိအောင် ဒီဇိုင်းပြုလုပ်ထားသည်။ ဥပမာအားဖြင့် ရေအောက်မိုင်း ပေါက်ကွဲမှုများ၊ ရေအောက်သဘာဝဓာတ်ငွေ့ ပူဖောင်းများ ပေါက်ကွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဖိအားများ၊ ရေအောက်ပေါက်ကွဲမှု၏ ရူပဗေဒပညာရပ်သည် အလွန်စိတ်ဝင်စားသော ဘာသာရပ်ဖြစ်ပြီး လေထဲပေါက်ကွဲမှုနှင့် နှိုင်းယှဉ်ပါက ထူးခြားသည်။

ပေါက်ကွဲမှုဖြစ်သည့်အချိန်တွင် ပြင်းအားများသော **ဂယက်လှိုင်းတစ်ခု** ဖန်တီးထွက်ပေါ်လာသည်။ ငင်းသည် ပေါက်ကွဲသည့်နေရာပတ်ဝန်းကျင်ရှိ ရေထုသို့ အခြေခံကျသော ပြင်ပဖိအားသက်ရောက်စေသည်။ အောက်ပါ Link ရှိ သုတေသန Underwater Explosions Video ကို ကြည့်ရှုပါက ပေါက်ကွဲမှုဖြစ်စဉ် အသေးစိတ်ကို တွေ့နိုင်သည်။ (https://www.youtube.com/watch?v=E5rGFZWQfzk)

**ဤလေ့လာမှုက ရေငုပ်သင်္ဘောတစ်စင်း ပေါက်ကွဲမှုဒဏ်ကို ခံစားရသောအခါ ငင်းပေါက်ကွဲမှုဒဏ်ကိုသာမက (ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့်) ပြင်းထန်သည့် ဂယက်ရေလှိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် တည်ဆောက်သင့်ကြောင်း ကောက်ချက်ချရမည် ဖြစ်သည်။** ပေါက်ကွဲမှုအလုံးကျုံ့ဝင်အားကြောင့် ရေငုပ်သင်္ဘောသည် ပေါက်ကွဲမှုပြင်းထန်သည့် ဗဟိုဆီသို့ ယိမ်းယိုင်သွားကြောင်း စမ်းသပ်မှုများအရ တွေ့ရှိရသည်။

အဆိုးဆုံးဖြစ်စဉ်မှာ ရေငုပ်သင်္ဘော၏ အောက်ဘက်တွင် ပေါက်ကွဲမှုဖြစ်ခြင်းဖြစ်ပြီး ထိုသို့ဖြစ်သည့်အခါ စုပ်ယူအား ပေါ်ထွက်လာပြီး သင်္ဘောကို အောက်ဘက်သို့ ဆွဲချသွားတတ်သည်။ အများဆုံးဆင်းနိုင်သည့်ရေအနက်တွင် ထိုကဲ့သို့ဖြစ်ပါက ရေငုပ်သင်္ဘောကို ပိုမိုနက်ရှိုင်းသည့် ရေအနက်ထဲသို့ စုပ်ယူခံရနိုင်ပါသည်။ ထိုအခါ ဖိအားခြားနားမှုဒဏ်ကြောင့် ကိုယ်ထည်ကြံ့ခိုင်မှုကို အန္တရာယ်ရှိစေနိုင်ပါသည်။

ပေါက်ကွဲမှုကြောင့် တိုက်ရိုက်သက်ရောက်သောဝန်အားအပြင် ရေအောက်ပေါက်ကွဲမှုတစ်ခုမှ ဖြစ်ပေါ်လာသော shockwave အသီးသီးသည် ဖိအားဒဏ်ခံ ကိုယ်ထည်တစ်လျှောက် တုန်ခါမှုလှိုင်းများ ပျံ့နှံ့ဖြစ်ပေါ်စေပါသည်။ တုန်ခါမှုဝန်အားများသည် သင်္ဘောကိုယ်ထည်၏ ခံနိုင်ရည်သက်တမ်း (ပင်ပန်းနွမ်းလျစေသည့် သက်တမ်း) (fatigue life) ကို လျော့ကျစေသည်သာမက အဓိက ကိုယ်ထည်ဖွဲ့စည်းတည်ဆောက်ပုံကို ပျက်စီးချို့ယွင်းစေနိုင်သော ပွဲတင်ရိုက်ခတ်သည့် ဟိန်းသံကိုလည်း ဖြစ်စေနိုင်ပါသည်။

**ဖိအားဒဏ်ခံကိုယ်ထည်၏ ခံနိုင်အား**

ငုပ်နေသောအခြေအနေတွင်ရှိသော ဆလင်ဒါပုံသဏ္ဌာန် ဖိအားဒဏ်ခံကိုယ်ထည်သည် အလျားလိုက် ဖိညှစ်သည့်ဖိအားကို တွေ့ကြုံခံစားရပါသည်။ ထိုအလျားလိုက်ဖိအားသည် အဝိုင်းလိုက်ဖိအားဒဏ် (သို့မဟုတ်) စက်ဝန်းသဏ္ဌာန် ဖိအားဒဏ်၏ တစ်ဝက်ပမာဏ ရှိပါသည်။ ထို့ကြောင့် ဖိအားဒဏ်ခံ ကိုယ်ထည်အပေါ်တွင် သက်ရောက်သည့် အလျားလိုက်ဖိညှစ်အားကို ခံနိုင်ရန်အတွက် ကိုယ်ထည်သံပြားသည် လုံလောက်သောအထူရှိရန်နှင့် တောင့်တင်းခိုင်မာသော ဒေါက်တိုင်များ တပ်ဆင်ထားခြင်းဖြင့် ကိုယ်ထည်အား တွန့်ခေါက်ခြင်းမှ ကာကွယ်ရန် လုပ်ဆောင်ရပါမည်။ သင်္ဘောကိုယ်ထည် တည်ဆောက်ရေးတွင် သုံးနှုန်းသည့် အခေါ်အဝေါ်များကို (ပုံ – ၁) တွင် ကြည့်ရှုနိုင်ပါသည်။

$$\textit{Longitudinal Compressive Stress on Pressure Hull} = \frac{\textit{External Pressure} \times \textit{Radius of pressure hull}}{2 \times \textit{Thickness of Pressure Hull Plate}}$$

ထို့ကြောင့် အလျားလိုက်ဖိအားကို ပြင်ပဖိအား၊ ဖိအားဒဏ်ခံကိုယ်ထည်၏ အချင်းဝက်နှင့် ကိုယ်ထည်သံပြား၏ အထူတို့ ပေါင်းစပ်ပြီး ခုခံလုပ်ဆောင်ရခြင်း ဖြစ်သည်။ ယခု ရေငုပ်သင်္ဘော ဒီဇိုင်းဆွဲသူသည် ဤပေါင်းစပ်မှုနှင့်အတူ မည်သည့်အခန်းမှ ပါဝင်ပါသနည်း။ **ဖိအားဒဏ်ခံကိုယ်ထည်၏ အချင်းဝက်သည် ဝယ်သူထံမှ ထည့်သွင်းမှု (လိုလားတောင်းဆိုချက်) တစ်ခုဖြစ်ပါသည်။** ရေငုပ်သင်္ဘော၏ အချင်းဝက်ကို အတိုင်းအတာတစ်ခုနှင့်အတူ သတ်မှတ်ပါသည်။ **ဖိအားဒဏ်ခံကိုယ်ထည် အချင်းဝက်သည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဒီဇိုင်းတစ်ခုလုံးအတွက် ပုံသေသတ်မှတ်ထားသည့်အရာ ဖြစ်သည်** ဟု အဓိပ္ပာယ်ရလိမ့်မည်ဖြစ်သည်။ (Ref.2)

ကိုယ်ထည်ပုံပျက် ကျိုးပဲ့ပျက်စီးမည့် ရေအနက်ရှိ ဖိအားခြားနားမှုဒဏ်ကို တွက်ချက်မှုတွင် ပြင်ပဖိအားအနေဖြင့် ထည့်သွင်းစဉ်းစားရပါသည်။ **သင်္ဘောတည်ဆောက်ရေး သဘောတူစာချုပ်တွင် Collapse depth ကိုလည်း သတ်မှတ်ပြီးဖြစ်သဖြင့် ငင်းသည် ပုံသေကျန်ရှိနေပြီး ပြောင်းလဲ၍မရပါ။ ဖိအားဒဏ်ခံကိုယ်ထည်၏ အထူသည် ပြောင်းလဲနိုင်သော ကိန်းရှင်များအဖြစ် ကျန်ရှိနေပါသေးသည်။** ဖိအားဒဏ်ခံကိုယ်ထည်ပေါ်တွင် အများဆုံးသက်ရောက်မည့် အလျားလိုက်ဖိညှစ်သည့်ဖိအားကို အသုံးပြုသောပစ္စည်းများ၏ ဖိအားဒဏ်ခံနိုင်ရည်အားဖြင့် အများဆုံး ဆုံးဖြတ်ပါသည်။ ဒီဇိုင်းဆွဲသူသည် ကိုယ်ထည်သံပြားအတွက် သီးခြားပစ္စည်းတစ်ခုချင်းစီအလိုက် တွက်ချက်ရသောအရာမှာ ကန့်သတ်ချက်များအတွင်း ဖိအားကို ခံနိုင်ရည်ရှိစေရန် လိုအပ်သောအနိမ့်ဆုံးအထူ ဖြစ်ပါသည်။

$$\textit{Minimum thickness of pressure hull} = \frac{\textit{External Pressure} \times \textit{Radius of pressure hull}}{2 \times \textit{Yield Strength of pressure hull material}}$$

အောက်ပါလေ့လာတွေ့ရှိချက်များကို အထက်ပါ ဆက်စပ်မှုများမှ ပြုလုပ်ရရှိနိုင်ပါသည် –

(က) ပုံသေအများဆုံး လည်ပတ်၊ ခုတ်မောင်း၊ စစ်ဆင်နိုင်သည့် ရေအနက် (MOD) တစ်ခုအတွက် အချင်းပိုမိုကြီးမားသော ရေငုပ်သင်္ဘောတစ်စင်းသည် အချင်းပိုမိုနည်းသော ရေငုပ်သင်္ဘောတစ်စင်းထက် ဖိအားဒဏ်ခံနိုင်ရန် ပိုမိုထူထပ်သည့် ကိုယ်ထည်သံပြား လိုအပ်ပါသည်။

စာမျက်နှာ ၂၆ သို့ ★

**ဖိအားဒဏ်ခံကိုယ်ထည်ဖွဲ့စည်းမှုနှင့် ကိုယ်ထည်နှစ်ခုကြား သံပြားတွန့်ခေါက်မှု ပုံစံများ**





Figure 2: Typical pressure hull structure and buckling modes

**ဝယ်သူ၏ လိုအပ်ချက်နှင့်အညီ တည်ဆောက်ခဲ့သော ရေငုပ်သင်္ဘောအတန်းအစားတစ်မျိုးသည် အသုံးပြုသည့် သံမဏိအမျိုးအစား၊ ကုန်ကျစရိတ်တို့နှင့်အတူ ငုပ်နိုင်သည့်ရေအနက် သတ်မှတ်ချက်၊ ဖိအားဒဏ်ခံနိုင်ရည်ရှိသည့် ကိုယ်ထည်တို့ဖြင့် တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုသတ်မှတ်ထားသည့် ရေအနက်ထက် ကျော်လွန်သွားသည့်အခါ ကိုယ်ထည်သံမဏိသည် ဖိအားဒဏ်ခံနိုင်ရည် မရှိတော့ဘဲ တုံးလုံးလဲ၊ ပုံပျက်ကျိုးပဲ့ ပျက်စီးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေငုပ်သင်္ဘော မတော်တဆမှုဖြစ်စဉ်က သက်သေပြခဲ့။**

★ စာမျက်နှာ ၂၅ မှ

(ခ) ရေငုပ်သင်္ဘောတစ်စင်းအတွက် လိုအပ်သော ဖိအားဒဏ်ခံကိုယ်ထည်သံပြားအတွက် လိုအပ်သော အနိမ့်ဆုံးအထူဖြစ်စေရန်မှာ ပိုမို၍ ခံနိုင်ရည်အင်အားကောင်းသည့် ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ရရှိနိုင်ပါသည်။ ပါး၍ ခံနိုင်ရည်မြင့်သော သတ္တုပြားကို သုံးခြင်းသည် သင်္ဘောအလေးချိန်ကို လျော့ကျစေမည် ဖြစ်သော်လည်း ကုန်ကျစရိတ် ပိုမိုမြင့်လာလိမ့်မည်။

**အထူးဖိအားဒဏ် ခံနိုင်ရည်ကောင်းသည့် ပမာဏ**

ရေငုပ်သင်္ဘောကိုယ်ထည်ကို တိုက်တေနီယမ်သတ္တုမှလွဲ၍ ပုံမှန်အားဖြင့် သံမဏိဖြင့် တည်ဆောက်ကြပါသည်။ အလွန်မြင့်မားအားကောင်းသော သံမဏိများကို ဖိအားဒဏ်ခံနိုင်ရည်ကောင်းမှု ပမာဏမြင့်မားခြင်းနှင့်အတူ အသုံးပြုရမည်။ **High Yield (HY) ဆိုသည်မှာ ခံနိုင်ရည်ကောင်းသည့် ပမာဏကို သတ်မှတ်ခြင်းဖြစ်ပြီး ၁ လက်မပတ်လည် သံမဏိပြားပေါ်သို့ ဖိအားပေါင် ထောင်ပေါင်းများစွာ ခံနိုင်သည့်ပမာဏကို သတ်မှတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

ဤစတီးများ၏ ရေအနက် ပိုမိုငုပ်နိုင်သည့် စွမ်းဆောင်ရည်ကို တိုးမြင့်လာသော ကုန်ကျစရိတ်များက စီးပိုးထားသော်လည်း special high yield (HY) steel alloys စတီးကို ရေငုပ်သင်္ဘောများ၏ ငုပ်နိုင်သည့်ရေအနက် ပိုမိုတိုးမြင့်စေရန် တီထွင်ခဲ့ပါသည်။ အထူးစတီးများကို တစ်စတုရန်းလက်မလျှင် ဖိအားပေါင် ထောင်ပေါင်းများစွာ ခံနိုင်ရည်ရှိမှုဖြင့် တန်ဖိုးသတ်မှတ်ကြပါသည်။ ထို့ကြောင့် HY-80 စတီး တစ်စတုရန်းလက်မလျှင် ဖိအားပေါင် ၈၀၀၀၀ ခံနိုင်ရည်ရှိပြီး ရေအနက် ပေ ၁၈၀၀ နှင့် ညီမျှပါသည်။ HY-100 စတီး၏ ဖိအားခံနိုင်မှုနှုန်းမှာ တစ်စတုရန်းလက်မလျှင် ပေါင် ၁၀၀၀၀၀ ဖြစ်ပြီး ရေအနက် ပေ ၂၂၅၀ စသည်ဖြင့် ညီမျှပါသည်။

(က) ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်ရေငုပ်သင်္ဘောများသည် ပုံမှန် ရေအနက် ပေ ၂၀၀ ခန့်တွင် လည်ပတ်ခဲ့ကြပြီး အရေးပေါ်အခြေအနေတွင် ပေ ၄၀၀ အထိ ငုပ်နိုင်ပါသည်။

(ခ) စစ်ပြီးခေတ် အမေရိကန် ရေငုပ်သင်္ဘောများ (အဏုမြူစွမ်းအင်သုံးနှင့် ဒီဇယ်လျှပ်စစ်စွမ်းအင်သုံး) နှစ်မျိုးစလုံးသည် ဒီဇိုင်းများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး HY-42 နှင့် ညီမျှသော ပိုမိုကောင်းမွန်သည့် ပစ္စည်းများဖြင့် တည်ဆောက်ခဲ့ကြပါသည်။ ထိုလှေများသည် ပုံမှန်လည်ပတ်မှု ရေအနက်မှာ ပေ ၇၀၀ ရှိပြီး Crush depth မှာ ပေ ၁၁၀၀ ရှိပါသည်။

(ဂ) HY-80 သံမဏိဖြင့် ပထမဆုံး တည်ဆောက်ခဲ့သော အမေရိကန်ရေငုပ်သင်္ဘော Thresher သည် သတင်းများအရ ပုံမှန်လည်ပတ်သည့် ရေအနက် (normal operating depth) မှာ ပေ ၁၃၀၀ ရှိပြီး အကြမ်းအားဖြင့် crush depth သတ်မှတ်ချက်၏ သုံးပုံနှစ်ပုံရှိသော ၎င်းရေအနက်ကို HY-80 steel ဖြင့် ငုပ်နိုင်ကြောင်း သတ်မှတ်ထားပါသည်။

(ဃ) HY-100 သံမဏိဖြင့် ပထမဆုံး တည်ဆောက်ခဲ့သော အမေရိကန်ရေငုပ်သင်္ဘော Seawolf ၏ ပုံမှန်လည်ပတ်သည့် ရေအနက် (normal operating depth) မှာ ပေ ၈၀၀ ထက် ပိုမိုသည်ဟု ရေတပ်က တရားဝင် ကြေညာခဲ့ပါသည်။ သို့သော် သတင်းများအရ Thresher ၏ ပုံမှန်လည်ပတ်သည့် ရေအနက်ကို အခြေခံ၍ Seawolf ၏ ပုံမှန်လည်ပတ်မှု ရေအနက်မှာ အကြမ်းအားဖြင့် တရားဝင် ကိန်းဂဏန်း နှစ်ဆရှိသည်ဟု မှတ်ယူနိုင်ပါသည်။

(င) တိုက်တေနီယံဖြင့် တည်ဆောက်ထားသော ဆိုဗီယက် Alfa ရေငုပ်သင်္ဘောများသည် သတင်းများအရ ရေအနက် ပေ ၄၀၀၀ နီးပါးအထိ လည်ပတ်ခုတ်မောင်းခဲ့ပါသည်။ (Ref.9) အမေရိကန်ရေငုပ်သင်္ဘောများ၏ အတွင်းကိုယ်ထည်တွင် ဘုံအသုံးပြုနေကျဖြစ်သော သံမဏိများသည် HY-80 နှင့် HY-100 တို့ ဖြစ်ပါသည်။

**နိဂုံး**

အထက်တွင် ဖော်ပြဆွေးနွေးခဲ့သော သီအိုရီ၊ သဘောတရား၊ လေ့လာတွေ့ရှိချက်များအရ ဝယ်သူ၏ လိုအပ်ချက်နှင့်အညီ တည်ဆောက်ခဲ့သော ရေငုပ်သင်္ဘောအတန်းအစားတစ်မျိုးသည် အသုံးပြုသည့် သံမဏိအမျိုးအစား၊ ကုန်ကျစရိတ်တို့နှင့်အတူ ငုပ်နိုင်သည့်ရေအနက် သတ်မှတ်ချက်၊ ဖိအားဒဏ်ခံနိုင်ရည်ရှိသည့် ကိုယ်ထည်တို့ဖြင့် တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုသတ်မှတ်ထားသည့် ရေအနက်ထက် ကျော်လွန်သွားသည့်အခါ ကိုယ်ထည်သံမဏိသည် ဖိအားဒဏ်ခံနိုင်ရည် မရှိတော့ဘဲ တုံးလုံးလဲ၊ ပုံပျက်ကျိုးပဲ့ ပျက်စီးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေငုပ်သင်္ဘော မတော်တဆမှု ဖြစ်စဉ်က သက်သေပြခဲ့ပါသည်။ ။

**References:**

1. https://thediplomat.com/2021/04/indonesian-navy-submarine-missing/
2. https://www.thejakartapost.com/news/2021/04/24/indonesian-navy-says-missing-kri-nanggala-402-submarine-sank.html#
3. Some Aspects of Submarine Design Part 1, Hydrodynamics, (U), Department of Defence, Australian Government.
4. Concepts in Submarine Design by Roy Butcher and Louis Thrill, Department of Mechanical Engineering, University College London, Cambridge University Press.
5. Submarine Design and Development by Norman Friedman, First published in Great Britain in 1984 by Conway Maritime Press Ltd.

# အနုပညာ

## တေးမင်နဲ့ တေးယွန်တို့ရဲ့ စုံတွဲတေးသီချင်း ယခုလအတွင်း ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေါ့ပ်တေးသံရှင်တွေဖြစ်ကြတဲ့ တေးမင်နဲ့ တေးယွန်တို့ဟာ သူတို့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးအနေနဲ့ စုံတွဲတေးသီချင်းကို ဖန်တီးထားပြီး အဆိုပါတေးသီချင်းကို ယခုလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ SHINee ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးမင်နဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်တို့ ပထမဆုံးတွဲဖက်သီဆိုမယ့် တေးသီချင်းရဲ့အမည်ကို If I Could Tell You လို့ ပေးထားကာ အဆိုပါတေးသီချင်းဟာ တေးမင်ရဲ့ မကြာမီထုတ်လွှင့်သွားမယ့် တစ်ကိုယ်တော်မီနီတေးအယ်လ်ဘမ် Advice မှာ ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါတေးသီချင်းဟာ အာရန်ဘီပေါ့ပ်တေးဂီတအမျိုးအစားဖြစ်ပြီး သူငယ်ချင်းနှစ်ဦးအကြားက ဆက်ဆံရေးအကြောင်းကို ရေးဖွဲ့ထားတာပါ။ သူငယ်ချင်းတွေအဖြစ်ရှိနေရင်း စည်းကျော်ဖို့ဖန်လာတဲ့ သူတို့နှစ်ဦးရဲ့ ခံစားချက်တွေ ပိုမိုပြင်းထန်လာပုံကို ရေးဖွဲ့ထားတဲ့ အချစ်သီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။ တေးမင်ရဲ့ တတိယမြောက် မီနီတေးအယ်လ်ဘမ် Advice ကို မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် စုစည်းသည်

## ဘန်အက်ဖ်လက်ခ်နဲ့ အတူရှိနေတဲ့ ဂျနီဖာလိုပက်ဇ်

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်ဟာ ချစ်သူဟောင်း အဲလက်ဇ်ရိုဒရီးဂွက်ဇ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက် လက်တလောမှာ ချစ်သူဟောင်းဖြစ်ပြီး သူနဲ့စေ့စပ်ခဲ့ဖူးသူတစ်ဦးဖြစ်တဲ့ မင်းသားဘန်အက်ဖ်လက်ခ်နဲ့ အတူတူရှိနေကာ အချိန်တွေကို ပျော်ရွှင်စွာဖြတ်သန်းနေကြကြောင်း အေးရှားဝမ်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဲလက်ဇ်ရိုဒရီးဂွက်ဇ်နဲ့ စေ့စပ်ထားမှုကို အဆုံးသတ်ခဲ့ပြီးနောက် ပြီးခဲ့တဲ့ သတင်းပတ်တွေအတွင်း ဂျနီဖာလိုပက်ဇ်ဟာ ဘန်အက်ဖ်လက်ခ်နဲ့ အတူရှိနေခဲ့တာပါ။ သူတို့နှစ်ဦးဟာ မွန်တာနာမှာရှိနေပြီး အဲဒီနေရာမှာ အသက် ၄၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားဘန်အက်ဖ်လက်ခ်ရဲ့ အားလပ်ရက်နေအိမ်ရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဂျနီဖာလိုပက်ဇ်ဟာ ဘန်အက်ဖ်လက်ခ်နဲ့အတူရှိကာ အချိန်တွေကို ပျော်ရွှင်စွာဖြတ်သန်းနေကြောင်း သိရပါတယ်။ ဂျနီဖာလိုပက်ဇ်နဲ့ ဘန်အက်ဖ်လက်ခ်တို့နှစ်ဦးကို အပန်းဖြေစခန်းတစ်ခုအနီးမှာ ကားတစ်စီးထဲမှာ အတူရှိနေတာကို တွေ့ခဲ့ရပြီး သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းဟောင်းကို ပြန်လည်စတင်နေဟန်ရှိပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ ဘန်အက်ဖ်လက်ခ်တို့ဟာ ၂၀၀၂ ခုနှစ်အတွင်း စေ့စပ်ခဲ့ကြပြီး ၂၀၀၃ ခုနှစ်အတွင်း လက်ထပ်ကြဖို့ရာ စီစဉ်ထားတာပါ။ ဒါပေမယ့် လက်မထပ်မီ ရက်ပိုင်းအလိုမှာ လမ်းခွဲခဲ့ကြပြီး ၂၀၀၄ ခုနှစ်အတွင်းမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။

❖ ကျောဖုံးမှ

တစ်ခုချင်းစီတွင်လုပ်ဆောင်ရမည့် အချက်များစွာပါဝင်လျက်ရှိသည်။ ကလပ်လိုင်စင်ဆောင်ရွက်ထားမှုကို အောက်တိုဘာလကုန်မတိုင်မီ အာရှဘောလုံးအဖွဲ့ချုပ်ထံပေးပို့ရမည်ဖြစ်သော်လည်း မြန်မာကလပ်အသင်းများအနေဖြင့် မြန်မာနေရှင်နယ်လိဂ်က ဖွဲ့စည်းထားသော ကလပ်လိုင်စင်ဆောင်ရွက်မှုကို စစ်ဆေးပေးသည့် ကော်မတီထံ ဇူလိုင်လကုန်မတိုင်မီ တင်ပြရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ပြီးခဲ့သည့်ရာသီတွင် ကလပ်အသင်း (၁၅)သင်းအထိ ကလပ်လိုင်စင်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာကလပ်အသင်းများသည် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ကလပ်ပြိုင်ပွဲများအနက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခွင့်ရထားသည်။ မြန်မာကလပ်အသင်းများအနေဖြင့် သတ်မှတ်ထားသည့် အချက်များအား ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ကာ ကလပ်လိုင်စင်ရရှိမှသာ လာမည့်ရာသီတွင် အာရှအဆင့်ကလပ်ပြိုင်ပွဲများ၌ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွက် ကလပ်လိုင်စင်သတ်မှတ်ချက်တွင် အမျိုးသမီးကလပ်အသင်းများ ဖွဲ့စည်းရမည့်အချက်ကိုပါ ထည့်သွင်းထားပြီး အမျိုးသမီးအသင်းမရှိသည့် မြန်မာကလပ်အသင်းများအနေဖြင့် ထပ်မံဖွဲ့စည်းရမည်ဖြစ်သည်။ လက်ရှိ MNL နှင့် MNL-2 ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကလပ်အသင်းအများစုတွင် အမျိုးသမီးကလပ်အသင်း ဖွဲ့စည်းထားသည့်အသင်းမှာ အနည်းငယ်သာရှိကြောင်း သိရသည်။

**သတင်း-ကိုညီလေး**

✻ ဗဟန်းမှ

ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။

"စာကြည့်တိုက်များ ပြန်လည်ဖွင့်ပေးခြင်းအတွက်အလွန်ဝမ်းသာပါကြောင်း၊ စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်မည့်ရက်ကိုလာရောက်မေးမြန်းစုံစမ်းခဲ့ပါကြောင်း၊ စာပေတွေကို ဖတ်ရှုနိုင်သည့်အတွက် အသိပညာ၊ ဗဟုသုတများစွာရရှိပါကြောင်း၊ ကလေးများအတွက်လည်း စာပေကောင်းများဖတ်ရှုနိုင်သည့်အတွက် စာပေနှင့်ထိစပ်၊ နီးစပ်ကာထူးချွန်ထက်မြက်၊ လိမ္မာယဉ်ကျေးသော အနာဂတ်အတွက် လူရည်ချွန်လူရည်မွန်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ အခုလိုစာအုပ်တွေဖတ်ရှုရသည့်အတွက်၊ မသိသေးတဲ့အကြောင်းအရာတွေကို စာအုပ်စာပေများကတစ်ဆင့် သိရပါကြောင်း၊ ဗဟုသုတများစွာရရှိပါကြောင်းစာအုပ် စာပေကောင်းတွေကို အလွယ်တကူဖတ်ရှုခွင့်ရအောင် ပြန်လည်ဖွင့်လှစ် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ကျေးဇူးတင်ပါကြောင်း၊ စာအုပ်စာစောင်ကောင်းတွေကိုလည်း ထပ်မံဖြည့်ဆည်းပေးပါလို့ အကြံပြုပါကြောင်း" ဟု စာအုပ်ငှားသူတစ်ဦးက ပြောသည်။


အဆိုပါ ပြည်သူ့စာကြည့်တိုက်အား တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲ မှ ညနေ ၄ နာရီအထိ အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်ထားရှိပေးလျက်ရှိရာ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ အပျော်ဖတ်ဝတ္ထုများ၊ ရုပ်ပြများ၊ သုတစာပေများ စသည့်သုတ/ရသ အမျိုးအစား စုံလင်သောစာအုပ်စာစောင်ပေါင်းတစ်သောင်းလေးထောင်ကျော်ဖြင့် စာပေချစ်မြတ်နိုးသူ၊ ရဟန်းရှင် လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဖတ်ရှုငှားရမ်းနိုင်ရန် ပြန်လည်ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း စာကြည့်တိုက်မှသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခမဲ့ အသင်းဝင်ရောက်နိုင်ပြီး မိမိတို့ကြိုက်နှစ်သက်သည့် သုတ/ရသ စာအုပ်၊ စာစောင်မျိုးစုံများကို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်များအားလုံးတို့တွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ အများပြည်သူများအား စာအုပ်စာပေများအခမဲ့လေ့လာဖတ်ရှုနိုင်ရန်ပုံမှန်ပြန်လည်ဖွင့်လှစ်၍ စာငှားဝန်ဆောင်မှုများပြန်လည် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။


**အောင်မြင့်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် [illegible] ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ပြီးလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

















[illegible]

# မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏ အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ(၂၇) ရက်စွဲဖြင့် "ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ(၃)ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်၍ ငွေသား အပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်"ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆



# ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၌ ပြည်သူများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၃

**ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၌ ပါမောက္ခ/ဌာနမှူးနှင့် အထူးကုဆရာဝန်ဦးဆောင်ပြီး ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ် နေ့၊ ညမပြတ် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ**

စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ကြောင့် ရပ်နားထားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပမည်**

စာမျက်နှာ » ၁၆

**မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့ စီးပွားရေးဘဏ်တို့အား လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်**

စာမျက်နှာ » ၂၀

## အချပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာဖော်ပြပါရှိပါသည်။

# မြန်မာကလပ်များ၏ ကလပ်လိုင်စင်ဆောင်ရွက်မှု အာရှဘောလုံးအဖွဲ့ချုပ်ထံ ပေးပို့ရမည်

**ရန်ကုန် မေ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ကလပ်လိုင်စင်ဆောင်ရွက်မှုများကို မြန်မာကလပ်အသင်းများအနေဖြင့် အောက်တိုဘာလမကုန်မီ ပေးပို့ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကလပ်လိုင်စင်ပြည့်မီအောင် ဆောင်ရွက်နိုင်သည့် အသင်းများကိုသာ ယှဉ်ပြိုင်ခွင့်ပြုခြင်းဖြစ်သည်။ ကလပ်လိုင်စင်ပြုလုပ်ရာတွင် Criteria ငါးချက်ပြည့်မီအောင် လုပ်ဆောင်ရပြီး Criteria

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖**

# ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန(ဗဟန်း) ပြည်သူ့စာကြည့်တိုက်၌ စာအုပ်များ ငှားရမ်းပေးလျက်ရှိ

**ရန်ကုန် မေ ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန (ဗဟန်း) Community Centre ပြည်သူ့ စာကြည့်တိုက်အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ခေတ္တယာယီပိတ်ထားခဲ့ပြီး ယခုအခါ အများပြည်သူ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ငှားရမ်းဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ပြည်သူ့စာကြည့်တိုက်အား မေလဆန်းမှစတင်ကာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉

**စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ✳**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပါသည်။

၂။ ထိုသို့စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၃။ မဲစာရင်းစစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၆၁၃၇၀၄၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၉၇၉၆၉၅ ဦးဖြစ်သည်။ ကွာခြားချက် ၂၁၅၇၃၅၂ ဦးဖြစ်သည်။ မဲစာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၄၇၁၃၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၁၀၇၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၂၆၉၄၁၂ ဦးဖြစ်သည်။

၄။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ မဲရုံပေါင်း ၅၈၀၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၆၈၉၂၇၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၈၅၆၈၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၀၃၅၈၄၊ မြေပြင်လက်ကျန် ၂၃၃၇၁၅၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၁၅၀၃ ဖြစ်ပြီး မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်သာယာ(အရှေ့ပိုင်း) | ၃၄၉ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၇၂၂၈၈ | ၃၇၂ | ၁၃၃၇၈ |
| ၂ | ကျောက်တံတား | ၂၈ | ၂၃၉၈၄ | ၂၅၇၇၆ | ၃၃၆ | | ၄၈၈ |
| ၃ | တာမွေ | ၁၂၃ | ၁၂၇၁၀၇ | ၉၇၀၈၃ | ၂၉၉၁ | ၁၀၉ | ၄၈၅၄ |
| ၄ | မင်္ဂလာဒုံ | ၁၃၆ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၇၃၈၆ | ၇၉၀ | ၁၇၄၈၂ |
| ၅ | လမ်းမတော် | ၂၂ | ၃၄၀၄၄ | ၂၃၅၄၄ | ၆၂၅ | ၆ | ၇၅၄ |
| ၆ | လသာ | ၁၈ | ၁၇၈၆၃ | ၂၀၃၉၁ | ၁၄၉ | | ၁၈၈ |
| ၇ | မရမ်းကုန်း | ၁၂၁ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၉၇၆၈ | ၂၄ | ၂၀၇၈ |
| ၈ | ထန်းတပင် | ၁၁၉ | ၁၄၀၇၆၀ | ၇၀၇၉၂ | ၂၀၀၅၉ | ၂၉၁ | ၇၂၇၆ |
| ၉ | အင်းစိန် | ၁၉၆ | ၂၃၇၂၃၀ | ၁၇၇၆၈၇ | ၁၇၄၄၀ | ၂၅၅ | ၉၀၅၄ |
| ၁၀ | ဒေါပုံ | ၆၃ | ၇၀၇၅၃ | ၅၈၇၀၈ | ၇၇၄၆ | ၃၉ | ၂၀၈၄ |
| ၁၁ | လှည်းကူး | ၁၃၀ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၄၃၂၇၄ | ၅၀၇ | ၁၁၆၂၂ |
| ၁၂ | တောင်ဥက္ကလာပ | ၁၂၄ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၅၂၃၄ | ၇၄ | ၃၆၂၂ |
| ၁၃ | ကြည့်မြင်တိုင် | ၇၁ | ၈၈၁၈၀ | ၆၀၂၃၁ | ၁၀၆၇၄ | ၁၅၇ | ၃၉၀၀ |
| ၁၄ | ပုဇွန်တောင် | ၂၆ | ၃၅၈၇၁ | ၂၇၃၉၀ | ၅၂၁ | ၁၈ | ၁၀၃၀ |
| ၁၅ | လှိုင် | ၈၇ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၆၁၄၅ | ၁၂၆ | ၅၃၄၆ |
| ၁၆ | ကမာရွတ် | ၃၇ | ၇၀၉၉၉ | ၆၂၉၅၆ | ၁၅၀၅ | ၄၀ | ၂၃၂၂ |
| ၁၇ | ဒဂုံ | ၁၃ | ၂၁၀၀၄ | ၂၀၉၄၃ | ၃၇၃ | ၃ | ၃၂၈ |
| ၁၈ | ဆိပ်ကြီး/ခနောင်တို | ၃၅ | ၂၆၀၅၅ | ၂၅၅၇၄ | ၃၆၅၁ | ၆ | ၄၀၄ |
| ၁၉ | သာကေတ | ၂၁၁ | ၁၇၄၇၅၁ | ၁၃၉၆၄၇ | ၁၁၁၁၉ | ၂၃၅ | ၈၈၆၀ |
| ၂၀ | ဗဟန်း | ၆၅ | ၆၇၂၂၂ | ၃၆၇၇၈ | ၁၄၁၁ | ၃ | ၁၃၀၂ |
| ၂၁ | သန်လျင် | ၂၂၉ | ၂၂၂၂၇၅ | ၁၇၆၄၅၄ | ၃၃၆၃၅ | ၆၇၅ | ၁၃၈၄၄ |
| ၂၂ | ကျောက်တန်း | ၁၉၂ | ၁၃၂၂၀၈ | ၁၁၃၆၅၁ | ၁၈၀၁၇ | ၁၁၈ | ၄၆၅၆ |
| ၂၃ | မှော်ဘီ | ၁၇၅ | ၁၉၉၄၇၄ | ၁၀၉၉၁၀ | ၂၆၂၈၀ | ၆၈၈ | ၁၃၁၀၂ |
| ၂၄ | ပန်းဘဲတန်း | ၂၆ | ၂၅၄၀၈ | ၃၁၄၄၉ | ၅၉၇ | ၁၂ | ၇၁၈ |
| ၂၅ | စမ်းချောင်း | ၅၂ | ၈၁၇၇၅ | ၇၃၅၄၁ | ၅၀၆ | ၁၈ | ၂၂၈ |
| ၂၆ | ခရမ်း | ၂၀၄ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၂၅၈၃၆ | ၁၅၄ | ၆၀၂၄ |
| ၂၇ | ကော့မှူး | ၁၆၁ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၀၅၆၅ | ၂၁၇ | ၅၄၀၀ |
| ၂၈ | ဒလ | ၁၈၂ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၃၀၁၇၉ | ၄၃၃ | ၈၃၈၄ |
| ၂၉ | ရန်ကင်း | ၅၃ | ၅၆၀၂၈ | ၃၃၃၈၃ | ၁၉၃၄ | ၆၇ | ၁၉၃၄ |
| ၃၀ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၇၃၄၈၁ | ၁၂၇၃၅၅ | ၂၃၇၆၃ | ၈၃၇ | ၁၆၈၂၈ |
| ၃၁ | ဗိုလ်တထောင် | ၃၈ | ၃၃၂၈၈ | ၂၅၃၂၇ | ၇၁၂ | ၆ | ၃၂၄ |
| ၃၂ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၇၈၂၁၉ | ၁၃၉၃၁၄ | ၅၂၉၂၅ | ၂၃၅ | ၈၀၅၈ |
| ၃၃ | ကွမ်းခြံကုန်း | ၁၈၀ | ၈၉၉၃၂ | ၈၇၀၀၇ | ၁၅၇၆၈ | ၁၇၈ | ၄၃၇၂ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၁၆၁၃၃ | ၁၉၀၇၈၅ | ၄၁၈၀၆ | ၁၉၉ | ၈၀၂၀ |
| ၃၅ | သင်္ဃန်းကျွန်း | ၁၃၉ | ၁၈၄၄၈၅ | ၈၈၆၆၅ | ၁၆၅၄၄ | ၈၀ | ၄၆၂၆ |
| ၃၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၁၂၈ | ၁၆၂၆၃၄ | ၅၂၁၄၁ | ၃၀၇၉၄ | ၇၈ | ၄၉၁၂ |
| ၃၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၇၁ | ၁၅၁၉၇၈ | ၅၉၅၁၁ | ၁၉၉၀၅ | ၂၀၁ | ၆၂၂၀ |
| ၃၈ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁၅၄ | ၁၆၆၃၅၂ | ၆၅၀၅၇ | ၁၀၃၆၇ | ၈၁ | ၄၁၆၂ |
| ၃၉ | တွံတေး | ၃၈၄ | ၁၇၄၄၄၁ | ၁၃၅၀၇၉ | ၂၃၃၇၂ | ၅၅၈ | ၁၂၂၈၄ |
| ၄၀ | အလုံ | ၂၈ | ၃၈၄၆၀ | ၃၄၃၇၅ | ၁၃၃၇ | | ၄၇၀ |
| ၄၁ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၂၁ | ၂၉၉၇၆၈ | ၁၃၀၆၈၂ | ၄၇၃၉၆ | ၄၈၅ | ၁၃၀၈၆ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၀၄၀၃၇ | ၆၆၉၉၇ | ၅၉၄၁ | ၁၈၂ | ၄၈၈၀ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၁၃၇၈၃ | ၂၃၅၄၇၃ | ၄၅၀၅၃ | ၂၄၁၇ | ၂၄၉၄၄ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၂၆၀၆၃ | ၁၂၃၇၉၉ | ၂၁၁၇၂ | ၉၆ | ၃၅၆၄ |
| ၄၅ | ကိုကိုးကျွန်း | ၂ | ၁၄၆၆ | ၇၆၁ | ၃၉ | | |
| | **၄၅ မြို့နယ်** | **၅၈၀၉** | **၆၁၃၇၀၄၇** | **၃၉၇၉၆၉၅** | **၇၄၇၁၃၈** | **၁၁၀၇၀** | **၂၆၉၄၁၂** |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကျောက်တံတား | ၂၈ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ |
| ၂ | တာမွေ | ၁၂၃ | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ |
| ၃ | မင်္ဂလာဒုံ | ၁၃၆ | ၂၉၄၀၀၈ | ၁၆၂၆၅၆ | ၁၃၁၃၅၂ | ၁၁၄၀၉၁ | ၂၁၅၂၂ | ၄၂၆၁ |
| ၄ | လမ်းမတော် | ၂၂ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၅ | လသာ | ၁၈ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |
| ၆ | မရမ်းကုန်း | ၁၂၁ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | |
| ၇ | ထန်းတပင် | ၁၁၉ | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |
| ၈ | အင်းစိန် | ၁၉၆ | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |

အချပ်ပို ၂ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၁ မှ

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၉ | ဒေါပုံ | ၆၃ | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |
| ၁၀ | လှည်းကူး | ၁၃၀ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |
| ၁၁ | တောင်ဥက္ကလာပ | ၁၂၄ | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၁၂ | ကြည့်မြင်တိုင် | ၇၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| ၁၃ | ပုဇွန်တောင် | ၂၆ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |
| ၁၄ | လှိုင် | ၈၇ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၁၅ | ကမာရွတ် | ၃၇ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၁၆ | ဒဂုံ | ၁၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၁၇ | ဆိပ်ကြီး/ခနောင်တို | ၃၅ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| ၁၈ | သာကေတ | ၂၁၁ | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |
| ၁၉ | ဗဟန်း | ၆၅ | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |
| ၂၀ | သန်လျင် | ၂၂၉ | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |
| ၂၁ | ကျောက်တန်း | ၁၉၂ | ၁၅၁၄၆၈ | ၁၀၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |
| ၂၂ | မှော်ဘီ | ၁၇၅ | ၂၁၁၉၀၃ | ၁၄၉၅၀၀ | ၆၂၄၀၃ | ၆၁၅၀၉ | ၅၆၄၉ | ၄၇၅၅ |
| ၂၃ | ပန်းဘဲတန်း | ၂၆ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၂၄ | စမ်းချောင်း | ၅၂ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၂၅ | ခရမ်း | ၂၀၄ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၂၆ | ကော့မှူး | ၁၆၁ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၂၇ | ဒလ | ၁၈၂ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| ၂၈ | ရန်ကင်း | ၅၃ | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |
| ၂၉ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |
| ၃၀ | ဗိုလ်တထောင် | ၃၈ | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |
| ၃၁ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |
| ၃၂ | ကွမ်းခြံကုန်း | ၁၈၀ | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |
| ၃၃ | လှိုင်သာယာ (အရှေ့ပိုင်း) | ၃၄၉ | ၃၈၃၄၈၂ | ၁၇၉၁၄၉ | ၂၀၄၃၃၃ | ၁၈၆၀၉၂ | ၁၈၉၁၁ | ၆၇၀ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၄၁၂၀၄ | ၁၇၁၂၁၁ | ၆၉၉၉၃ | ၆၁၉၅၄ | ၈၀၃၉ | |
| ၃၅ | သဃ်န်းကျွန်း | ၁၃၉ | ၂၀၃၇၃၈ | ၁၂၇၉၇၃ | ၇၅၇၆၅ | ၇၄၀၀၁ | ၁၇၆၄ | |
| ၃၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၂၈ | ၁၇၀၆၂၈ | ၉၀၇၈၆ | ၇၉၈၄၂ | ၆၄၉၇၈ | ၂၀၄၈၃ | ၅၆၁၉ |
| ၃၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၇၁ | ၁၆၀၀၃၇ | ၉၉၉၉၅ | ၆၀၀၄၂ | ၅၃၃၇၆ | ၁၁၇၅၈ | ၅၀၉၂ |
| ၃၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅၄ | ၁၈၃၆၈၇ | ၁၁၆၁၇၉ | ၆၇၅၀၈ | ၅၈၃၁၇ | ၁၁၉၈၀ | ၂၇၈၉ |
| ၃၉ | တွံတေး | ၃၈၄ | ၂၀၇၈၈၀ | ၁၄၂၀၄၇ | ၆၅၈၃၃ | ၆၀၀၀၀ | ၉၆၁၄ | ၃၇၈၁ |
| ၄၀ | အလုံ | ၂၈ | ၄၀၉၃၇ | ၂၆၂၄၅ | ၁၄၆၉၂ | ၁၃၈၉၉ | ၁၂၂၆ | ၄၃၃ |
| ၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၂၁ | ၃၂၃၂၈၆ | ၁၉၇၇၁၉ | ၁၂၅၅၆၇ | ၁၁၂၄၄၈ | ၁၄၅၃၉ | ၁၄၂၀ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၁၄၃၂၇ | ၆၄၄၁၀ | ၄၉၉၁၇ | ၄၅၉၂၇ | ၄၈၁၁ | ၈၂၁ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၂၆၉၅၁ | ၁၈၂၃၅၂ | ၁၄၄၅၉၉ | ၁၂၃၉၃၂ | ၂၆၅၇၄ | ၅၉၀၇ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၄၄၃၆၆ | ၉၇၅၉၉ | ၄၆၇၆၇ | ၄၅၅၁၉ | ၁၂၄၈ | |
| ၄၅ | ကိုကိုးကျွန်း | ၂ | ၁၆၃၂ | ၁၄၀၅ | ၂၂၇ | ၂၈၀ | | ၅၃ |
| | ၄၅ မြို့နယ် | ၅၈၀၉ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |

၆။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၄၇၁၃၈ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၁၀၇၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၂၆၉၄၁၂ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

(ခ) မဲရုံပေါင်း ၅၈၀၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၆၆၈၉၂၇၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၈၅၆၈၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၀၃၅၈၄၊ မြေပြင်လက်ကျန် ၂၃၃၇၁၅၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၁၅၀၃ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင်ဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(ဂ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၄၁၈၈၂၄၉ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၄၀၈၅၆၈၆ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၁၀၂၅၆၃ စောင် လျော့နည်းနေသည်။ ယခင်ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် စာရင်းအရ ခိုင်လုံမဲရရှိမှုမှာ ၄၀၉၅၁၈၀ ဖြစ်သဖြင့် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ် ၄၀၈၅၆၈၆ ထက် ခိုင်လုံမဲအရေအတွက် ၉၄၉၄ ပိုနေကြောင်း စိစစ်တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၄၁၈၈၂၄၉ ဦးဖြစ်ပြီး မဲရုံမဲပေးသူ ၃၃၂၅၆၂၂ ဦး၊ ကြိုတင်မဲပေးသူ ၈၆၂၆၂၇ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၉.၄ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၀.၆ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံမဲပေးသူ ၉၄.၆ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၅.၄ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံမဲပေးသူ ၉၄.၄ ရာခိုင်နှုန်းနှင့် ကြိုတင်မဲပေးသူ ၅.၆ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် ယခုရွေးကောက်ပွဲတွင် ကြိုတင်မဲပေးမှု များပြားခြင်းအပေါ် ဥပဒေနှင့်မညီသော ကြိုတင်မဲကောက်ခံမှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( င ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( စ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လက်ဝယ်တွင် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရသည်။

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဇ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဈ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက် အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ည) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဋ ) ပုံစံ(၁) မဲစာရင်းစာအုပ်တွင် မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်းမရှိဘဲ အမှန်ခြစ် အမှတ်အသားများ ရေးမှတ်၍ မဲလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဌ ) မဲလက်မှတ်စာအုပ် တစ်အုပ်လျှင် စောင်ရေ ၅၀ သာ ပါဝင်ရမည်ဖြစ်သော်လည်း မဲလက်မှတ်များကို ရိုက်နှိပ်ဖြန့်ဝေခဲ့စဉ်က မဲလက်မှတ်စာအုပ်များတွင် စောင်ရေအပိုများ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

အချပ်ပို ၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၂ မှ

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟုပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ခ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူမဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် အထက်ပါစိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**









ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်မဲဆန္ဒများ ကောက်ယူနေသည့် ပုံများ

အချပ်ပို ၄ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၃ မှ









ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်မဲဆန္ဒများ ကောက်ယူနေသည့် ပုံများ

## ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိ/စိစစ်ခြင်း မပြုနိုင်သူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ပါဝင်နေသည့် ပုံစံ(၁) စာရင်းများ

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၀ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၅၈၁ | ဦးဝင်းနိုင် | ကျား | ၀၉-၀၂-၁၉၅၀ | မရှိ | ဦးစုတ်ဆိတ် | ဒေါ်မြမြဝင်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၅၊ ၀၀၆၂၅ | |
| ၅၈၂ | ဒေါ်နုစီဓာ | မ | ၀၂-၁၃-၁၉၅၅ | မရှိ | ဦးစိုးခု | ဒေါ်ရွှင်ထား | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၅၊ ၀၀၆၂၅ | |
| ၅၈၃ | ဦးကျော်ထူး | ကျား | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးစီလရာမွတ် | ဒေါ်မညို | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |
| ၅၈၄ | ဦးစီလရာမွတ် | ကျား | ၀၉-၁၀-၁၉၆၇ | မရှိ | ဦးလှမြင့် | ဒေါ်အရှုဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |
| ၅၈၅ | ဒေါ်မညို | မ | ၀၆-၁၂-၁၉၇၀ | မရှိ | ဦးဝိန် | ဒေါ်မာလီကာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |
| ၅၈၆ | ဦးမြဲတုတ် | ကျား | ၃၀-၀၆-၁၉၉၅ | မရှိ | ဦးရှာဘေဝါလီ | ဒေါ်နိုဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၇ | ဒေါ်နှင်းမိုးအေး | မ | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးရှာဘေဝါလီ | ဒေါ်နိုဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၈ | ဦးမိုးအေး | ကျား | ၃၀-၀၆-၁၉၉၀ | မရှိ | ဦးရှာဘေဝါလီ | ဒေါ်နိုဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၉ | ဦးမြင့်ရွှေ | ကျား | ၀၆-၀၆-၁၉၈၉ | မရှိ | ဦးရှာဘေဝါလီ | ဒေါ်နိုဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၉၀ | ဒေါ်ဝါဝါ | မ | ၀၁-၀၃-၁၉၈၁ | မရှိ | ဦးရှာဘေဝါလီ | ဒေါ်နိုဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

စာမျက်နှာ - ၅၉/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

အချပ်ပို ၅ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၄ မှ

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၇၉၁ | ဒေါ်အေးရှင်ကီ | မ | ၁၀-၁၀-၁၉၅၉ | မရှိ | ဦးမြွေးပု | ဒေါ်နှီလာဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၂ | ဦးအောင်မျိုး | ကျား | ၃၀-၀၆-၁၉၈၀ | မရှိ | ဦးချိုတူ | ဒေါ်လှနွယ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၃ | ဦးဇော်မောင်ဦး | ကျား | ၃၀-၀၆-၁၉၈၇ | မရှိ | ဦးဝါဆိုဝင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၄ | ဦးချိုဝင်း | ကျား | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးဝါဆိုဝင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၅ | ဒေါ်နုလှိုင်ဝင်း | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးဝါဆိုဝင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၆ | ဦးနိုင်လှဦး | ကျား | ၃၀-၀၆-၁၉၈၉ | မရှိ | ဦးဝါဆိုဝင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၇ | ဦးဝါဆိုဝင်(ခ)လှဝင်း | ကျား | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးထူးမော်ကြီး | ဒေါ်အုန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၈ | ဒေါ်စန်းမြင့် | မ | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးလှထင် | ဒေါ်ခိုင်နွတ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၉ | ဦးသူရနိုင် | ကျား | ၃၀-၀၆-၁၉၉၃ | မရှိ | ဦးဇေး | ဒေါ်အေးကျင် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |
| ၈၀၀ | ဒေါ်ညိုညို | မ | ၀၉-၀၉-၁၉၇၉ | ၇/သခန(နိုင်)၁၂၃၃၄၁ | ဦးသံမဲ | ဒေါ်စန်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

စာမျက်နှာ - ၈၀/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၈၆၁ | ဦးမျိုးမင်းထိုက် | ကျား | ၁၀-၁၂-၁၉၈၉ | ၁၂/ဒဂဆ(နိုင်)၀၉၄၁၀၃ | ဦးမဖက်ဆလင်း | ဒေါ်ပဒမီပါ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၂ | ဒေါ်နီနီဝင်း | မ | ၁၅-၀၅-၁၉၅၆ | မရှိ | ဦးအောင်ဘသေ | ဒေါ်အမာစိန် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၃ | ဒေါ်ငွေငွေမိုး | မ | ၁၂-၁၀-၁၉၇၈ | မရှိ | ဦးအာလီ | ဒေါ်ရီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၄ | ဦးနိုင်ဝင်း | ကျား | ၀၇-၀၅-၂၀၀၀ | မရှိ | ဦးဟာရှင် | ဒေါ်ငွေငွေမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၅ | ဦးဟာရှင် | ကျား | ၀၇-၀၈-၁၉၇၈ | မရှိ | ဦးကားဆင် | ဒေါ်စီမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၆ | ဦးနိုင်လင်း | ကျား | ၀၈-၀၇-၁၉၉၇ | မရှိ | ဦးဟာရှင် | ဒေါ်ငွေငွေမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၇ | ဦးစိုးတုတ် | ကျား | ၃၀-၀၆-၁၉၅၄ | မရှိ | ဦးအီလီ | ဒေါ်ခိုင်စောဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၈ | ဒေါ်သန္တာအေး | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးအာဇူစဘော် | ဒေါ်သီတာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၉ | ဦးချိုဝင်း | ကျား | ၃၀-၀၆-၁၉၇၆ | မရှိ | ဦးတင်ဝင်း | ဒေါ်မြို | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |
| ၈၇၀ | ဦးဝေယံမျိုး | ကျား | ၀၇-၀၅-၁၉၉၈ | မရှိ | ဦးမျိုးဝင်း | ဒေါ်နီနီဝင်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

စာမျက်နှာ - ၈၇/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

အချပ်ပို ၆ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းပြည့်စုံမှန်ကန်ရေး ပံ့ပိုးကူညီရေးအဖွဲ့များသို့ မဲစာရင်း Soft Copy CD ပေးအပ်ခြင်း အကြောင်းကြားစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကဝ ( ၁၄မြဲ ) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်

သို့

-----------------------------တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့

အကြောင်းအရာ။ **မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်းသည့် ကိစ္စ**

ရည်ညွှန်းချက်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇ / ၄မိ၄- အထွေထွေ/ အဖရ (၂၀၂၀)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို ရည်ညွှန်းပါစာဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်း၍အကော်အခဲများရှိပါက အထက်ပါ ပံ့ပိုးကူညီရေးအဖွဲ့များထံသို့ တင်ပြ၍ အကူအညီတောင်းခံသွားရန် ဖြစ်ပြီး အဆိုပါပံ့ပိုးကူညီရေးအဖွဲ့ ပထမအကြိမ်ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းများကို တောင်းခံလာပါက Soft Copy စီဒီဖြင့် ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

## ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် မဲဆန္ဒရှင်များမဲပေးခွင့်ရရှိရေးကိစ္စ ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

စာအမှတ်၊ ၇ /၄မိ၄-အထွေထွေ/အဖရ(၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်

အကြောင်းအရာ။ မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ခေါင်းဆောင်
ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်

(ဂ) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(ဃ) အတွင်းရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(င) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

၂။ ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီသည့် အစိုးရဌာနများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အားနည်းချက်ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို သိရှိနိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးသွားရန်၊

(ခ) စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာသုံးသပ်၍ လိုအပ်ချက်များ ပြင်ဆင်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး မဲဆန္ဒရှင်များ စာရင်းကို ပြည့်စုံမှန်ကန်စွာ ပြုစုရေးနှင့် မဲဆန္ဒရှင်များ သတ်မှတ်ရက်အတွင်း အချိန်မီ မဲပေးနိုင်ရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်၊

(ဂ) ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်။

အမိန့်အရ

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်

ဖြန့်ဝေခြင်း
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ✓
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့(အားလုံး)

မိတ္တူကို
နိုင်ငံတော်သမ္မတရုံး(စီမံရေးနှင့်ဘဏ္ဍာရေးဦးစီးဌာနကြီး)
သမ္မတဦးစီးရုံး
သမ္မတရုံးဝန်ကြီးဌာန
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကဝ (၁၇၉) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးကိစ္စ**

ရည်ညွှန်းချက်။ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၇-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဝ၁၂ / ၁-၁၂ / တကရ (ရဂရ)

၁။ မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိနေသူများ မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်လည်တင်ပြရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အကြောင်းကြားလာမှုကို မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက အောက်ပါအတိုင်း ဆောင်ရွက်ပါက သင့်လျော်မည်ဟု ပြန်လည် တင်ပြခဲ့ပါကြောင်း ရည်ညွှန်းပါစာဖြင့် တင်ပြလာခဲ့ပါသည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား (တိုင်းရင်းသား) ဖြစ်ကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ပေးရန်၊

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်အရ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဆန္ဒမဲ ပေးခွင့်ထောက်ခံချက်ကို ထုတ်ပေးရန်၊

(ဂ) ဆန္ဒမဲပေးခွင့်ထောက်ခံချက်တွင် မဲဆန္ဒရှင်၏ ပတ်ပို့စ် ဓာတ်ပုံကပ်ပြီး ၎င်း ဓာတ်ပုံပေါ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးတံဆိပ်ရိုက်နှိပ် ပေးရန်နှင့် "ဆန္ဒမဲပေးရန်အတွက်သာ" ဆိုသည့် စာသားအား ထင်ရှားစွာ ရေးသားရန်၊

(ဃ) ရွေးကောက်ပွဲနေ့တွင်ဆန္ဒမဲပေးပြီးပါက အဆိုပါဆန္ဒမဲပေးခွင့် ထောက်ခံချက်အား မဲရုံမှ တစ်ပါတည်း သိမ်းဆည်းသွားရန်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (ခ) တွင် "သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထား သဖြင့် မဲစာရင်းတွင်ပါဝင်သူ မဲဆန္ဒရှင်တိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၇ မှ

၃။ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် မဲစာရင်းတွင် ပါဝင်ပြီး မဲရုံသို့ လာရောက်မဲပေးကြသူ မဲဆန္ဒရှင်များအနက် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း မှတ်ပုံတင်အစရှိသည့် အထောက်အထားများ ပျောက်ဆုံး/ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အောက်ပါ အတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

(က) မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို မဲရုံ၌ မဲရုံမှူးထံ တစ်ပါတည်းတင်ပြ၍ ဆန္ဒမဲပေးခွင့်ပြုခြင်း၊

(ခ) အကယ်၍ အထက်ပါအတိုင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ မဲစာရင်းတွင် ပါဝင်ကြောင်း ထောက်ခံချက်ကို မတင်ပြနိုင်ပါက မဲရုံ၌ မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အမှန်ဖြစ်ကြောင်း ကတိခံ၍ ပြောဆိုနိုင်သူရှိလျှင်လည်း ဆန္ဒမဲပေးခွင့်ပြုခြင်း။

၄။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီး မှတ်ပုံတင်အစရှိသည့် အချက်အလက်များ မပြည့်စုံသည့် မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် အထက်အပိုဒ် ၃ ပါ ယခင်ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများအတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် မဲစာရင်းတွင် အမည်ပါသူ အမှန်ဖြစ်ကြောင်း သိသာစေနိုင်သည့် ယာဉ်မောင်းလိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်၊ ကြက်ခြေနီ အဖွဲ့ဝင်ကတ်၊ အရန်မီးသတ် အဖွဲ့ဝင်ကတ်၊ ပြည်သူ့စစ်အဖွဲ့ဝင်ကတ်၊ ပရဟိတ အဖွဲ့ဝင်ကတ် စသည့် ကတ်တစ်မျိုးမျိုး ပြသနိုင်လျှင် မဲပေးခွင့်ပြုသွားမည် ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ လိုအပ်ပါက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကော်မရှင်၏ အစီအစဉ်ဖြင့် ထုတ်ပေးနိုင်ရန်ကိုလည်း လျာထားဆောင်ရွက်လျက်ရှိပါသဖြင့် အထက်အပိုဒ် ၁ ပါ တင်ပြချက်များကို ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
------------------------ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အချပ်ပို ၉ မှ

(ဂ) ပုံစံ (၃-က) ဖြင့်လျှောက်ထားပြီးပါက ပုံစံ (၁၅) ဖြင့်လျှောက်ထားခြင်းကို လက်မခံရ၊

၂။ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) လုပ်ငန်း ပိုမိုမြန်ဆန်စေရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲကို မိမိရုံးသို့ ခေါ်ယူ၍ ပုံစံ (၁၅) တွင်ပါရှိသောအမည်နှင့် မဲဆန္ဒရှင်စာရင်း တို့ကို တိုက်ဆိုင်စစ်ဆေးစေပြီး မှန်ကန်ပါက ၎င်းမဲဆန္ဒရှင်၏ အမည်ကို မဲစာရင်းပုံစံ (၁) တွင် မင်နီသားဖြင့် ကြိုတင်ဆန္ဒမဲ ပေးမည့်သူ ဖြစ်ကြောင်း မှတ်သားထားစေပါ၊

(ခ) မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားပြီးပါက ပုံစံ (၁၅) ဖြင့် တောင်းဆိုသောပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း ပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ပါ၊ ပုံစံ (၁-၁) မိတ္တူ နှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ထားရှိ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် မူရင်းတစ်စောင် လက်ခံထားရှိစေပြီး မိတ္တူ တစ်စောင်ကို ကပ်ထားစေရေး ဆောင်ရွက်ပါ၊

(ဂ) ၎င်းမဲဆန္ဒရှင်၏ အမည်ကို မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားခြင်းနှင့် ပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ခြင်းတို့ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ် ပြင်ပ (ပြည်တွင်း) ကြိုတင်ဆန္ဒမဲလက်မှတ် ပေးပို့ရန် ဆောင်ရွက်ပါ၊

(ဃ) ပေးပို့မည့် ကြိုတင်ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် မဲလက်မှတ် ထုတ်ပေးသူက အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်သည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တံဆိပ်ရိုက်နှိပ်ပါ၊

(င) အထက်ပါအချက်များ ဆောင်ရွက်ပြီးပါက ကြိုတင်ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်များအတွင်းသို့ သတ်မှတ်ထားသည့်အတိုင်း ထည့်သွင်း၍ ပုံစံ (၁၅) ပေးပို့လာသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ လိပ်မူ၍ ပေးပို့ပါ၊

၃။ မဲဆန္ဒရှင်ရောက်ရှိနေသည့် ဒေသမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များ လက်ခံရရှိသည့်အခါ ကြိုတင်ဆန္ဒမဲ ပေးရန် နေရာများ စီစဉ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ပါ၊

(ခ) သက်ဆိုင်သည့် ကာယကံရှင် မဲဆန္ဒရှင်သို့ ဆက်သွယ် အကြောင်းကြားပါ၊

**မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲပေးခြင်း**

၁။ မဲဆန္ဒရှင်သည် ပုံစံ (၁၅) ဖြင့်လျှောက်ထားပြီးပါက ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့် နေရာတို့ကို သိရှိနိုင်ရန်အတွက် မိမိ၏ ပုံစံ (၁၅) ပေးပို့တင်ပြထားသည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်မေးမြန်းပါ၊

၂။ ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့်နေရာတို့ကို သိရှိလျှင် ကြိုတင်ဆန္ဒမဲပေးရမည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သွားရောက်၍ လျှို့ဝှက်ဆန္ဒပြုပါ၊

၃။ ဆန္ဒပြုပြီးသည့် ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်အတွင်းသို့ ထည့်သွင်းပိတ်ပြီး ယင်းကြိုတင်ဆန္ဒမဲစာအိတ်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ပေးအပ်ပါ၊

၄။ လျှို့ဝှက်ဆန္ဒမဲ ပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အနည်းဆုံး ၃ ဦး ရှိနေရပါမည်၊

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆောင်ရွက်ခြင်း**

၁။ မဲဆန္ဒရှင် ရောက်ရှိနေသော လက်ရှိဒေသမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲဆန္ဒရှင်က ဆန္ဒပြုပြီးပေးအပ်သည့် ကြိုတင်ဆန္ဒမဲစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ချေတွေထည့်သွင်း၍ လုံခြုံစွာထားရှိပါ၊

(ခ) အဆိုပါ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန် မတိုင်မီ ရောက်ရှိစေရန် ဆက်လက် ပေးပို့ပါ၊

၂။ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်မတိုင်မီ ရောက်ရှိ လက်ခံရရှိသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထား ရှိပါ၊

(ခ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်နောက်ပိုင်း ရောက်ရှိလာသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို လုံးဝ (လုံးဝ) လက်ခံခြင်း မပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ (က) ပါ လက်ခံရရှိ သိမ်းဆည်းထားသော ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ပြီးသည့် ညနေ ၄ နာရီ (၁၆:၀၀) အချိန် နောက်ပိုင်းတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ရေတွက်၍ သက်ဆိုင်ရာ ပုံစံများတွင် ဖြည့်သွင်း၍ ပြုစုပါ၊

(ဃ) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန် နောက်ပိုင်း ရောက်ရှိလာသော မည်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်ကိုမျှ လက်ခံခြင်း၊ ထည့်သွင်းရေတွက်ခြင်း လုံးဝ (လုံးဝ) မပြုရ၊

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် -**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်ခံရသဖြင့် ပုံစံ (၁၅) ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိကြသည့် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများနှင့် သက်ဆိုင်သည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီသာ အလေးထားလိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင် များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်း များကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် ပုံစံ (၃-က) ဖြင့် လျှောက်ထားပြီးဖြစ်သော မဲဆန္ဒရှင် များက အသွားအလာကန့်သတ်ခံရသဖြင့် ပုံစံ (၁၅) ထပ်မံလျှောက်ထားလာခြင်းကို လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ပိုမိုရှုပ်ထွေးလာနိုင်သဖြင့် လက်ခံဆောင်ရွက်ပေးခြင်း မပြုရန် ဖြစ်ပြီး အဆိုပါ မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ကြေညာချက် အမှတ် (၁၆/၂၀၂၀) နှင့်အညီသာ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသက်(၆၀)နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၈၉/၂၀၂၀)
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ဂ) (၃) နှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ (ခ) တို့အရ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်နေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခုကာလတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ်များ (**၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်**) တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ (**၁၉၆၀ ပြည့်နှစ် နှင့် ယင်းနှစ်၏ ရှေ့ပိုင်းမွေးဖွားသူ**) များကို ၂၉-၁၀-၂၀၂၀ **ရက်နေ့မှ** ၅-၁၁-၂၀၂၀ **ရက်နေ့အထိ** နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့များကစီစဉ်ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

၃။ အပိုဒ် (၂) ပါ သတ်မှတ်ထားသောမြို့နယ်များမှအပ ကျန်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးနိုင်သောအခြေအနေရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရန် ဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေအရ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့သို့ သတင်းပေးပို့လျှင် နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့များက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် ၂၉-၁၀-၂၀၂၀ **ရက်နေ့မှ** ၅-၁၁-၂၀၂၀ **ရက်နေ့အထိ** အထက်အပိုဒ် (၂) နှင့် (၃) ပါအတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပူးတွဲ- ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များ စာရင်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၂၈၀) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အားလုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ
ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(ရဲရင့်လွင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- ဌာန/ ဌာနခွဲအားလုံး
- လက်ခံ/ မျှောစာတွဲ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### တစ်စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များစာရင်း

| စဉ် | မြို့နယ် | မှတ်ချက် |
|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | |
| ၁ | ပုဇွန်တောင်မြို့နယ် | |
| ၂ | ပန်းဘဲတန်းမြို့နယ် | |
| ၃ | ကျောက်တံတားမြို့နယ် | |
| ၄ | စမ်းချောင်းမြို့နယ် | |
| ၅ | တာမွေမြို့နယ် | |
| ၆ | လမ်းမတော်မြို့နယ် | |
| ၇ | လသာမြို့နယ် | |
| ၈ | မင်္ဂလာတောင်ညွန့်မြို့နယ် | |
| ၉ | အလုံမြို့နယ် | |
| ၁၀ | ဒေါပုံမြို့နယ် | |
| ၁၁ | သင်္ဃန်းကျွန်းမြို့နယ် | |
| ၁၂ | သာကေတမြို့နယ် | |
| ၁၃ | ဗိုလ်တထောင်မြို့နယ် | |
| ၁၄ | တောင်ဥက္ကလာပမြို့နယ် | |
| ၁၅ | ရန်ကင်းမြို့နယ် | |
| ၁၆ | ကမာရွတ်မြို့နယ် | |
| ၁၇ | မြောက်ဥက္ကလာပမြို့နယ် | |
| ၁၈ | လှိုင်မြို့နယ် | |
| ၁၉ | ဗဟန်းမြို့နယ် | |
| ၂၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | |
| ၂၁ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | |
| ၂၂ | ကြည့်မြင်တိုင်မြို့နယ် | |
| ၂၃ | အင်းစိန်မြို့နယ် | |
| ၂၄ | မရမ်းကုန်းမြို့နယ် | |
| ၂၅ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | |
| ၂၆ | ဒဂုံမြို့နယ် | |
| ၂၇ | ရွှေပြည်သာမြို့နယ် | |
| ၂၈ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | |
| ၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | |
| | မန္တလေးတိုင်းဒေသကြီး | |
| ၃၀ | မဟာအောင်မြေမြို့နယ် | |
| ၃၁ | ချမ်းအေးသာဇံမြို့နယ် | |
| ၃၂ | ချမ်းမြသာစည်မြို့နယ် | |
| ၃၃ | အောင်မြေသာဇံမြို့နယ် | |
| ၃၄ | ပြည်ကြီးတံခွန်မြို့နယ် | |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၂၉၂) / ကဖရ
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်

သို့

တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

ရည် ညွှန်း ချက်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၁၀- ၁၀- ၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈၉/၂၀၂၀)

၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) (၃) နှင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ (ခ)တို့အရ မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးနိုင်သော အသက်အရွယ်ကြီးရင့်နေသူများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ် ပါသည်။

၂။ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားနေမှု အခြေအနေအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေ ထူထပ်သော မြို့နယ်များ ( ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့် အထက်) တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀ နှစ်နှင့်အထက်ရှိသူ မဲဆန္ဒရှင်များကို နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးရန် လည်းကောင်း၊ ကျန်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အခြေအနေရှိပါက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရန် လည်းကောင်း၊ ကျန်းမာရေးအခြေအနေအရ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိကြောင်း သတင်းပေးပို့လျှင်လည်း၊ နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရည်ညွှန်းပါ ကြေညာချက်ဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၃။ ထိုသို့ အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်-

(က) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ မဲရုံအလိုက် မဲစာရင်းတွင် အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များ (**၁၉၆၀ ပြည့်နှစ်နှင့် ယင်းနှစ်မတိုင်မီမွေးဖွားသူ**) စာရင်းအား ထွန်းချုံးတာတွင် မွေးသက္ကရာဇ်ကို Sorting ပြုလုပ်၍ Print တစ်စုံထုတ်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေပေးရန်၊

(ခ) အသက်အရွယ်ကြီးရင့်သူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ကို ၂၉.၁၀.၂၀၂၀ ရက်နေ့မှ ၅.၁၁.၂၀၂၀ ရက်နေ့အထိ သတ်မှတ်ဆောင်ရွက်ရန်၊

(ဂ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပြုစုထားသည့် အသက် ၆၀ နှစ် နှင့်အထက်ရှိ မဲဆန္ဒရှင်များ၏ အရေအတွက်အပေါ် မူတည်၍ သတ်မှတ်ထားသောနေ့ရက်ဖြစ်သည့် ၂၉.၁၀.၂၀၂၀ ရက်နေ့မှ ၅.၁၁.၂၀၂၀ ရက်နေ့အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန်အတွက် နေ့ရက်အလိုက် ကြိုတင်ဆန္ဒမဲပေးရမည့် မဲဆန္ဒရှင်များစာရင်းကို လမ်းအလိုက်၊ အိမ်ထောင်စုအလိုက်ပြုစု၍ ကြိုတင် ဆန္ဒမဲ ပေးရမည့် အစီအစဉ်/ အချိန်ဇယားများ ရေးဆွဲ ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာ အိမ်ထောင်စုများကလည်း နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးခြင်း လွယ်ကူအဆင်ပြေစေရန်အတွက် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ဆက်သွယ်သတင်းပို့စေရေး နှိုးဆော်ပေးရန်၊

(င) နေအိမ်တွင်ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ၊ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အားလုံးက နားလည်သဘောပေါက်ပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေး ကြိုတင်အသိပေးထားရန်၊

(စ) သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးများတွင် ထားရှိသည့် မဲရုံအလိုက် ကြိုတင်ဆန္ဒမဲပုံးများကို ကော်မရှင်မှ ခွင့်ပြုထုတ်ပေးထားသည့် လုံခြုံရေးကြိုးဖြင့်ပိတ်၍ စနစ်တကျမှတ်တမ်းတင်ထားရှိရန်၊

(ဆ) မဲရုံသို့ မသွားနိုင်သော သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် အခက်အခဲရှိသော အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ နေအိမ်တွင် ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ (ခ) နှင့်အညီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နှစ်ဦးကိုစေလွှတ်၍ ဆောင်ရွက်ပေးရန်၊

(ဇ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ (ခ) (၆) အရ ယင်းသို့ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်ပါ လိုပါက ကြိုတင် ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်ရေး ကြိုတင်အသိပေးထားရန်၊ (ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ နှင့်အညီ သတ်မှတ်ခွင့်ပြုထားသည့် လူဦးရေထက်မပို စေရန်နှင့် လူစုလူဝေးမဖြစ် စေရေး သတိပြုရန်)

(ဈ) ကြိုတင်ဆန္ဒမဲပေးသည့် လုပ်ငန်းစဉ်တွင် လိုက်ပါသူအားလုံးသည် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ တစ်ကိုယ်ရေသုံး အကာအကွယ် ပစ္စည်းများကို အသုံးပြုလိုက်နာ ဆောင်ရွက်ရန်၊

(ည) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ (ဃ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်နှင့် အချိန်အတွင်း၌သာ ကြိုတင် ဆန္ဒမဲ ပေးခြင်းကို ဆောင်ရွက်ပေးရန်၊

(ဋ) ကြိုတင်ဆန္ဒမဲရယူရန်သွားရောက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စုများတွင်အရန်ထုတ်ပေးထားသည့်ဆန္ဒမဲပုံးကို မိမိဒေသအလိုက်ဝယ်ယူ ထားသည့် ယာဉ်လုံခြုံရေးကြိုးဖြင့်ပိတ်၍ ယူဆောင်ရန်ဖြစ်ပြီး လျှို့ဝှက် ဆန္ဒပြုခန်း အပါအဝင် ကျန်လိုအပ်မည့် အထောက်အကူပစ္စည်းများ တစ်ပါတည်း ယူဆောင်သွားရန်၊

အချပ်ပို ၁၄ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြိုတင်မဲရေတွက်ခြင်းကိစ္စ (နိုင်ငံခြားမဲ)နှင့် စပ်လျဉ်း၍ ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၁၈၃) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်

သို့

--------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့

အကြောင်းအရာ။ ကြိုတင်ဆန္ဒမဲလက်မှတ်များရေတွက်ခြင်းကိစ္စ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပေးပို့နိုင်ရေး ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားနေမှုအခြေအနေများအရ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အားလုံးကို ခေါ်ယူ၍ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များက ကိုယ်စားလှယ်စေလွှတ်သူများဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်အရေအတွက် များပြားခြင်းကြောင့် အချို့မြို့နယ်များတွင် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်၌ ခရိုင်/ အခြားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များ၏ နှုတ်ဆိပ်ရိုက်နှိပ်ထားခြင်း၊ ခရိုင်/အခြားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များမှ တာဝန်ခံထုတ်ပေးသူများက အမည်ဖော်ပြလက်မှတ်ရေးထိုးထားခြင်းများ ရှိကြောင်း စိစစ်သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၈-၁၀-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နည်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅၇/၂၀၂၀) ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ အထက်အပိုဒ် ၂ ပါ ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် နှုတ်ဆိပ်ရိုက်နှိပ်ခြင်း၊ တာဝန်ခံထုတ်ပေးသူက အမည်ဖော်ပြလက်မှတ်ရေးထိုးဆောင်ရွက်ခြင်း များသည် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်းရှိ ခရိုင် သို့မဟုတ် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ တစ်ခုခုမှ ဆောင်ရွက်ထားခြင်းဖြစ်ပါက အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် သတ်မှတ်ရေတွက်ရန်ဖြစ်ပါသည်။ ဤညွှန်ကြားချက်ကို သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ အဆင့်ဆင့်သို့ အမြန်ဆုံးထပ်ဆင့်ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
( ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

## ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ UEC စာလုံးမပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးများဖြင့် ရိုက်နှိပ်ထားသည့် မဲလက်မှတ်များကိုလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ကြိုတင်ရှင်းလင်းတင်ပြထားရန် ညွှန်ကြားချက်

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၅၂၀) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

သို့

--------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့

အကြောင်းအရာ။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုမည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စ

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော ပုံစံတူတံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးများနှင့် မဲရုံကိုယ်စားလှယ်များသည် မဲရုံမဖွင့်မီ ကြိုတင်၍ ဆန္ဒပြုတံဆိပ်တုံးများကို အလွယ်တကူ လဲလှယ်ခြင်း မပြုနိုင်ရန်အတွက် ကြိုးဖြင့်ခိုင်မြဲသေချာစွာ ချည်နှောင်ရန် ဖြစ်ပါသည်။ ထိုသို့ချည်နှောင်ရာတွင် ခိုင်ခံ့သော ကြိုးအရှည်ကိုအသုံးပြု၍ ကြိုးတစ်ဖက်ကို ဆန္ဒပြုတံဆိပ်တုံး၏ လက်ကိုင်တွင် ခိုင်မြဲစွာ ချည်နှောင်ရန်နှင့် ကျန်တစ်ဖက်ကို လျှို့ဝှက်ဆန္ဒပြုခန်း ထားရှိမည့် စားပွဲ/ ခုံတွင် သံမှိုဖြင့်ရိုက်၍ သေချာစွာ ချည်နှောင်ပြီး အလွယ်တကူ လဲလှယ်ယူဆောင်မသွားနိုင်ရေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ မဲရုံမှူးနှင့် မဲရုံကိုယ်စားလှယ်များသည် ၁၅ မိနစ် လျှင်တစ်ကြိမ် ဆန္ဒပြုခန်းများသို့ သွားရောက်၍ သတ်မှတ်ထားသည့် ဆန္ဒပြုတံဆိပ်တုံး မှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၄။ မဲရေတွက်စဉ် မဲရုံမှူးသည် UEC စာလုံး မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက မည်သည့် ပါတီ/တစ်သီးပုဂ္ဂလကို ဆန္ဒပြုထားသည်ဖြစ်စေ ခိုင်လုံမဲအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်းကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံ ကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် အများပြည်သူအသိသက်သေ များသို့ ကြိုတင်ရှင်းလင်း တင်ပြထားရန်ဖြစ်ပါသည်။

၅။ ဤညွှန်ကြားချက်ကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဆင့်ဆင့်နှင့် မဲရုံမှူးများသို့ သိရှိလိုက်နာ အလေးထားဆောင်ရွက်စေရေး အမြန်ထပ်ဆင့်ညွှန်ကြား ကြပ်မတ်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အားလုံး (သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့အဆင့်ဆင့်နှင့် မဲရုံမှူးများသို့ ထပ်ဆင့်ညွှန်ကြား၍ ကြီးကြပ် ဆောင်ရွက်ရန်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံ/မျှောစာတွဲ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင်နေပြည်တော်ကောင်စီက ကိုဗစ်-၁၉ ထိန်းချုပ်ရေး ဗဟိုကော်မတီညွှန်ကြားချက်အရ မဲဆန္ဒရှင်များ နေရပ်တွင်မဲပေးရန် ဆက်လက်ညွှန်ကြားချက်ထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ

စာအမှတ်၊ ၈/၁-၁(၇၀)/ ဦး၃(COVID-19)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်

သို့

နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
နေပြည်တော်ရဲတပ်ဖွဲ့မှူး
နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ဒက္ခိဏ၊ ဥတ္တရ)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အားလုံး)

အကြောင်းအရာ။ ရောက်ရှိနေရာတွင် မဲပေးရန် လျှောက်ထားခြင်းမရှိသေးသော မဲဆန္ဒရှင်များ နေရပ်တွင် မဲပေးနိုင်ရေးကိစ္စ

ရည်ညွှန်းချက်။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၆-၁၁-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၃၃၇၅/ ၂၆၄/ COVID-19/ ကော်မတီ (၂၀၂၀)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ကချင်ပြည်နယ် မြို့နယ်(၂)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်(၃)မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်(၃)မြို့နယ်၊ မွန်ပြည်နယ်ရှိ မြို့နယ် (၃)မြို့နယ်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်(၇)မြို့နယ်တို့အား Stay at Home အစီအစဉ်တွင်အကျုံးဝင်ကြောင်း သတ်မှတ်ထားရှိသော်လည်း ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ ချောချောမွေ့မွေ့ကျင်းပနိုင်ရေးအတွက် အဆိုပါမြို့နယ်များ တွင် နေထိုင်သည့် ပြည်သူများအားသတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေး ရန် သွားရောက်ခြင်းနှင့်ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်းများအတွက် ခြွင်းချက်ပြုခွင့်ပြုကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၅-၁၀-၂၀၂၀ရက်စွဲပါ အမိန့်အမှတ်(၁၃၅/၂၀၂၀)ဖြင့် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၂။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် နည်းဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် လျှောက်ထားခဲ့သော်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိနေရပ်မဲဆန္ဒနယ်သို့ သွားရောက်မဲပေးလိုပါက ပုံစံ(၁၅)ဖြင့် လျှောက်ထားခဲ့သည့်မြို့နယ်တွင် ကြိုတင်မဲပေးရေးသားကြောင်း အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကို ရယူ၍ မိမိနေရပ်မဲဆန္ဒနယ်ရှိ မဲရုံမှူးထံ တင်ပြနိုင်လျှင် မဲပေးခွင့်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က (၆-၁၁-၂၀၂၀)ရက်စွဲပါစာဖြင့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံစံ(၁၅)ဖြင့် လျှောက်ထားခဲ့သော်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးသို့ ရောက်ရှိချိန်တွင် Antigen Diagnostic Test Kit ဖြင့်လိုအပ်သော ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ခံယူစေပြီး (သို့မဟုတ်) PPE ဝတ်စုံဝတ်ဆင်စေပြီးမဲပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာမှုအပေါ် သိရှိလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

(ပုံ)
၇-၁၁-၂၀၂၀
ဦးအုန်း (ကိုယ်စား)
(ခရိုင်အုပ်ချုပ်ရေးမှူး)

မိတ္တူကို
ဒုတိယဗိုလ်မှူးကြီးခင်မောင်၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
ဦးအောင်မြင့်ထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
ဦးတင်ထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
ဦးအေးအောင်စိန်၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
ဦးညီထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
လက်ခံသည့်ဖိုင်တွဲ
ရုံးလက်ခံ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသည်။